ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

(၁၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၃ ရက်**

**( ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၆၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၁၂-၉-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ ဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ပခရီးစဉ်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ စိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ Euro Money Myanmar Globel Investment Forum တက်ရောက်ရန်။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးဇော်မင်းလတ် (ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ လယ်စစ်ကော်မတီအစည်းအဝေးတက်ရောက်ရန်။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးခင်မောင်အုန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမျိုးမင်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကျန်းမာရေးနှင့် ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ (UEHRD) အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၈)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦးဖြစ်ပြီးအမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ပက်တန်းကျေးရွာအုပ်စု၊ ဘေကုန်းအုန်းခြံမှ ဦးသိန်းအေး အပါအဝင် အိမ်ထောင်စု(၅၅)စုတို့၏ မြေဧက(၁၄၀)နှင့် စပ်လျဉ်း၍ ယနေ့အထိ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို တရားနည်းလမ်းကျစွာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် က ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ပက်တန်းကျေးရွာအုပ်စု၊ ဘေကုန်းအုန်းခြံမှ ဦးသိန်းအေး အပါအဝင် အိမ်ထောင်စု(၅၅)စုတို့၏ မြေဧက(၁၄၀)နှင့် စပ်လျဉ်း၍ ယနေ့အထိ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို တရားနည်းလမ်းကျစွာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ ပြည့်စုံလျက် မင်္ဂလာအပေါင်း ခညောင်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၉)မှ ရွေးချယ်ခံကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။ ကျွန်တော်ရဲ့မဲဆန္ဒနယ်မြေဖြစ်သော ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ပက်တန်းကျေးရွာအုပ်စု၊ ဘေကုန်းအုန်းခြံမှ လယ်သမားအိမ်ထောင်စု(၅၅)စုတို့၏ ယနေ့အချိန်အထိ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲနှင့် သက်ဆိုင်တဲ့ မေးခွန်းကို မေးမြန်းသွားပါမယ်။ ကျွန်တော့်မေးခွန်းကို အထောက်အကူပြုစေမယ့် ပုံစံအချက်အလက်များကို Projector Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ကြိုတင် ခွင့်တောင်းခံအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြခဲ့သော လယ်သမားအိမ်ထောင်စု(၅၅)စုတို့သည် အဆိုပါ ပက်တန်းကျေးရွာအုပ်စုပိုင် ကွင်းအမှတ်(၂၇၁-B)၊ ပက်တန်းတောင်ကွင်း၊ ဦးပိုင်အမှတ်(၃၅/N)တို့ အပါအဝင် တောရိုင်းမြေအကျယ်အဝန်း(၁၄၀)ဧကခန့်တွင် လွန်ခဲ့သော (၂၆)နှစ်ကျော်မှစ၍ ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးလုပ်ကိုင် အိမ်ဆောက်နေထိုင်ခဲ့ကြပါတယ်။ စားကျက်မြေမှန်း၊ ပလပ်မြေမှန်း၊ သစ်တောမြေမှန်းလဲ မသိကြပါ။ ဆယ်အိမ်မှူးများဖြစ်ကြသော ဦးသိန်းအေး၊ ဦးမောင်ချစ်၊ ဖိုးစေးနေတို့ ဦးဆောင်၍ တရားဝင်နေထိုင် လုပ်ကိုင်စားသောက်ခွင့်နှင့် လယ်သမားပုံစံ(၇) ရရှိရေးအတွက် ၂၀၁၂ ခုနှစ်၊ မတ်လ က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လျှောက်ထားခဲ့ဖူးပါတယ်။ မည်သို့မှ ဆက်လက်ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါဘူး။ ၂၀၁၆ ခုနှစ်၊ မေလ ၇ ရက်၊ ရက်စွဲ-စာအမှတ်/၀-၃/၂၀၁၆ ဖြင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှ ၁၀ ရက်အတွင်း အိမ်ထောင်စုအားလုံး အပြီးအပိုင် ဖယ်ရှားရန် ညွှန်ကြားလာသောကြောင့် အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသို့ အသနားခံစာ တင်သွင်းခဲ့ပါတယ်။

အဆိုပါကော်မတီမှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အကြောင်းကြားစာ ပေးပို့ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ လိပ်မူလျက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ စာအမှတ်၊ ၃/၅-၇ (ဂ)တိုင်စာဖြင့် စားကျက်မြေပယ်ဖျက်ခွင့်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဌာနသို့ လျှောက်ထားရန်လိုကြောင်း ပြန်ကြားစာပေးပို့သောကြောင့် အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီမှ တိုင်ကြားစာတင်ပြသော ဦးသိန်းအေးတို့(၃)ယောက်အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားရန် ထပ်ဆင့်အကြောင်းကြားသဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ မြို့နယ်အဆင့် ဦးစီးဌာနများ၊ သဘောထားမှတ်ချက်တောင်းခံနေဆဲမှာပဲ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအတွင်း ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဦးလှရှိန်၏ အမိန့်ဖြင့် ဦးသိန်းအေး၊ ဦးမောင်ချစ်တို့၏ မိုးစပါး ရှင်သန်ပြီးသား စိုက်ခင်းများကို မြေတူးစက် Back Hoe ဖြင့် တူးဖော်ဖျက်ဆီးသောကြောင့် ခေတ်ပုံအထောက်အထားများဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ တိုင်ကြားလိုက်ရာမှ ရပ်တန့်သွားပါတယ်။

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မြေစာရင်းမှ ကွင်းဆင်းတိုင်းတာချက်များအရ စားကျက်မြေအကျယ်အဝန်းမှာ (၂၉၆.၉၉)ဧကရှိပြီး အမှတ်(၇၀၁) ခြေမြန်တပ်ရင်းမှ တပ်ရင်းသက်သာချောင်ချိရေးအတွက် ဒေသခံလယ်သမားများနှင့် အကျိုးတူလုပ်ကိုင်ခဲ့သောမြေဧကမှာ (၇၂.၀၅)ဧကသာရှိခဲ့ပြီး အဆိုပါတပ်ရင်းမှ ၂၀၁၃ ခုနှစ်က စွန့်လွှတ်ခဲ့ပြီးဖြစ်ပါတယ်။ ဦးသိန်းအေး အပါအဝင် အိမ်ထောင်စု (၅၅)စု၊ စိုက်ပျိုးလုပ်ကိုင်နေသောမြေမှာ (၁၄၀.၀၂)ဧက ဖြစ်ပါတယ်။ ဦးသိန်းအေးတို့ လျှောက်ထားချက်အပေါ် မှော်ဘီမြို့နယ်၊ မြေစာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ ကန့်ကွက်ရန်မရှိကြောင်း တရားဝင်ရုံးစာဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးထံသို့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း တင်ပြခဲ့ပြီးဖြစ်သော်လည်း မှော်ဘီမြို့နယ်၊ အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး ကိုယ်တိုင် လက်မှတ်ရေးထိုးသော ပက်တန်းစားကျက်မြေ ပယ်ဖျက်ရေး လျှောက်ထားစာပေါ်တွင် မြေဧက(၁၀၀)လျှော့ထားပြီး ဧက(၄၀)သာ ထောက်ခံတင်ပြထားသောကြောင့် အာဏာ အလွဲသုံးစားမှု ပြုလုပ်တယ်၊ အဂတိလိုက်စားတယ်လို့တော့ မဆိုလိုပါ။ (၂)နှစ်ကျော်ကြာအောင် ဆောင်ရွက်နေသော်လည်း မပြီးပြတ်သေးတဲ့ လယ်သမားအိမ်ထောင်စု (၅၅)စုအတွက် တရားနည်းလမ်းကျစွာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စား ကျွန်တော်မှ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပက်တန်း-ဘောကုန်းရှိ ရှင်သန်နေသော စပါးခင်းများ မြင်ကွင်းပုံ (ဟ)



Back Hoe ဖြင့် ဖျက်ဆီးခံရသော ပက်တန်း-ဘောကုန်းရှိ စပါးခင်းများ မြင်ကွင်းပုံ (ဟ-၁)




Back Hoe ဖြင့် ဖျက်ဆီးခံရသော ပက်တန်း-ဘောကုန်းရှိ စပါးခင်းများ မြင်ကွင်းပုံ (ဟ-၂)



**ဧရာဝတီမြစ်ဝှမ်းတွင်ရှိသော မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ ချောက်၊ ရေနံချောင်း၊ ဆင်ပေါင်ဝဲမြို့များတွင် ဧရာဝတီမြစ်အတွင်းမှ ကျောက်များကို အတိုင်းအဆမရှိ စုပ်ယူထုတ်လုပ်နေခြင်းကို ထိန်းသိမ်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း က ဧရာဝတီမြစ်ဝှမ်းတွင်ရှိသော မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ ချောက်၊ ရေနံချောင်း၊ ဆင်ပေါင်ဝဲမြို့များတွင် ဧရာဝတီမြစ်အတွင်းမှ ကျောက်များကို အတိုင်းအဆမရှိ စုပ်ယူထုတ်လုပ်နေခြင်းကို ထိန်းသိမ်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် တကွ အားလုံးကို ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ ချောက်၊ ရေနံချောင်း၊ ဆင်ပေါင်ဝဲမြို့များတွင် ဧရာဝတီမြစ်အတွင်းမှ ကျောက်များကို အတိုင်းအဆမရှိ စုပ်ယူလုပ်နေခြင်းကို ပြည်ထောင်စုအစိုးရအနေဖြင့် ထိန်းသိမ်းဆောင်ရွက်နေခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စဟာ နှစ်ရှည်လများ ပေါ်ပေါက်နေတဲ့ကိစ္စဖြစ်ပြီး ယင်းကိစ္စကြောင့် ဒေသခံပြည်သူများ၏ စိုးရိမ်ပူပန်မှုများက ကန့်ကွက်မှုများရှိနေတဲ့အတိုင်း ယခုအချိန်အထိ ထိရောက်သောကာကွယ်တားမြစ်မှု မရှိဘဲ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု၊ ဒေသခံပြည်သူများ ထိခိုက်နစ်နာမှုရှိနေတဲ့အတွက် ယခုလို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျောက်စရစ်ထုတ်ယူခြင်းနှင့် ပတ်သက်၍ စည်းကမ်းချက်များတွင် အများပြည်သူသုံးတဲ့လမ်းမကြီး၊ မီးရထားလမ်း၊ ရေသိုလှောင်ကန်၊ တူးမြောင်း၊ မြစ်ကမ်းပါး စသည်တို့မှ ပေ(၆၀၀)အတွင်း တူးဖော်ထုတ်လုပ်ခြင်းမပြုရဟု ကန့်သတ်ထားသော်လည်း မြေပြင်အခြေအနေတွင် စည်းကမ်းချက်များကို မျက်ကွယ်ပြု၍ ဆောင်ရွက်နေပါတယ်။ ဒီနေ့ ပခုက္ကူ ခရိုင်ထဲမှာဆိုရင် ကျင်း(၅၀)လောက်ပါတဲ့ သံကွန် ဒီစက်လှေကြီးတွေနဲ့ကို တူးနေတာကို ကျွန်တော်တို့က တွေ့နေရပါတယ်။ ထပ်ပြီးတော့ Power Point ဆက်ပြပေးပါ။

Slide 1 ပုံမှာရှိတာက မြစ်ကမ်းနားအတွင်းမှာ ကျောက်စရစ်ထုတ်ယူနေတဲ့ကိစ္စအတွက် ဆင်ပေါင်ဝဲမြို့နယ်၊ လက်ပန်ကျေးရွာအုပ်စု၊ မကြီးရင်းကျေးရွာအနီးမှာ ဒေသခံပြည်သူများနှင့် လုပ်ငန်းရှင်တို့အကြား ၂၀၁၈ ခုနှစ်၊ ဧပြီလအတွင်း အချင်းများမှုများ ပေါ်ပေါက်ခဲ့ခြင်း၊ ဒေသခံပြည်သူများအနေဖြင့် လုပ်ငန်းရှင်များက သတ်မှတ် စည်းကမ်းချက်များနှင့်အညီ လုပ်ဆောင်ခြင်း မရှိပါက ဥပဒေအရ ဆောင်ရွက်တားမြစ်ရန်ဖြစ်ပြီး ဥပဒေမဲ့ ထပ်မံ လုပ်ဆောင်ပါက တရားဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀-၄-၂၀၁၀ ရက်စွဲဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ အကြောင်းကြားလာသောကြောင့် ၂၇-၄-၂၀၁၈ နေ့စွဲဖြင့် ဒေသခံရွာသူ ရွာသား(၂၅၀)က လက်မှတ်ရေးထိုးပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေါ်ပေါက်လာနိုင်တဲ့

ဘေးအန္တရာယ်များကိုဖော်ပြ၍ မလိုလားအပ်သောပြဿနာများ မပေါ်ပေါက်စေရေးအတွက် မြစ်ကြောင်းတူးဖော်ရေးလုပ်ငန်း ရပ်ဆိုင်းပေးရန် တားမြစ်ခဲ့သော်လည်း တစ်စုံတစ်ရာမှ မရှိခဲ့ပါ။

Slide 2 ကပဲ ဆက်သွားပြီးတော့ တောက်လျှောက် သွားပေးပါ။ ဒီလိုတူးနေတဲ့အတွက် ဧရာဝတီမြစ်ထဲမှာ ကျွန်တော်တို့က နောက်ဆုံး ပခုက္ကူခရိုင် ဆက်သွားလိုက်ပါ၊ တစ်ခါတည်း အပြီးသွားလိုက်ပါ။ ဆိကုဓဝကျေးရွာ၊ အရှေ့သီရိရွာမှာဆိုရင် ဘုရားလေး ပြိုသွားတဲ့အထိ ကျွန်တော်တို့က ရှိနေပါတယ်။ အဲဒါတင်မကဘူး။ ဒီလို ကျောက်တူးနေတာတွေဟာ ဧရာဝတီမြစ်ကြီးရဲ့ ရေးစီးရေလာပြောင်းပြီးတော့ ဧရာဝတီမြစ်ကြီးဟာ ခြောက်တော့မှာတောင် ဖြစ်တဲ့အခြေအနေ ဖြစ်နေပါပြီခင်ဗျား။ ယခင်နှစ်များက မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ မကွေး၊ မင်းဘူးခရိုင်တို့မှာ အခုလို အငြင်းပွားဖွယ်ရာတွေဖြစ်နေတဲ့အပြင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၏ ဆိုးကျိုးကို ခါးစည်းခံနေကြတဲ့ ဒေသခံပြည်သူများအတွက် ငဲ့ကွက်ခြင်းမရှိဘဲ နောက်ဆုံး Slide မှာ ဖော်ပြထားတဲ့ ကျောက်စရစ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များကို ပြည်သူ့ရဲများက အကာအကွယ်ပေးနေသည့်ပုံရိပ်များ ဖြစ်ပေါ်နေခြင်းကြောင့် မလိုလားအပ်သောပြဿနာများ ဆက်လက်မဖြစ်ပေါ်စေရေးအတွက် ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ (၁) သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ကြီးကြပ်စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ။ (၂) ရှိပါက မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ကို ပွင့်လင်းမြင်သာစွာ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

ဆင်ပေါင်ဝဲမြို့နယ် အတွင်းကမ်းနှင့် နီးကပ်စွာ ကျောက်ထုတ်နေသည့် မြင်ကွင်းပုံ (ဠ)



ဆင်ပေါင်ဝဲမြို့နယ် အတွင်းကမ်းနှင့် နီးကပ်စွာ ကျောက်ထုတ်နေသည့် မြင်ကွင်းပုံ (ဋ-၁)



ပခုက္ကူမြို့နယ် အတွင်းကမ်းနှင့် နီးကပ်စွာ ကျောက်ထုတ်နေသည့် မြင်ကွင်းပုံ (ဋ-၂)



**ယခုအခါတွင် ရာဘခေါ် စိတ်ကြွ မူးယစ်ဆေးပြားများကို မြန်မာနိုင်ငံ၏ နေရာဒေသ အနှံ့အပြား၌ ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူ သုံးစွဲနိုင်သောအခြေအနေဖြစ်အောင် ဖန်တီးလုပ်ဆောင် လာကြခြင်းများအား ထိရောက်စွာ တားဆီးနှိမ်နင်းရန်အတွက် စီမံဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး က ယခုအခါတွင် ရာဘခေါ် စိတ်ကြွ မူးယစ်ဆေးပြားများကို မြန်မာနိုင်ငံ၏ နေရာဒေသ အနှံ့အပြား၌ ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သောအခြေအနေဖြစ်အောင် ဖန်တီးလုပ်ဆောင် နေလာကြခြင်းများအား ထိရောက်စွာ တားဆီးနှိမ်နင်းရန်အတွက် စီမံဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က အခုအခါမှာ မြန်မာတစ်မျိုးသားလုံးကို ကြီးစွာသော အန္တရာယ်ပေး ခြိမ်းခြောက်နေတဲ့ ရာဘခေါ် မူးယစ်စိတ်ကြွဆေးပြားများရဲ့ ကိစ္စနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်ကဆို WY စာတန်းပါ ရာဘမူးယစ်ဆေးပြား တစ်ပြားကို(၅၀၀၀)ကျပ်ခန့် ဈေးရှိပြီးတော့ လျှို့ဝှက် လက်ဆင့်ကမ်း ပုန်းလျှိုးရောင်းချရတဲ့အတွက် ဝယ်ယူရန် အလွန်ကိုခက်ခဲပါတယ်။ မြို့ကြီးတွေက ငွေကြေးတတ်နိုင်သူ၊ ရေပေါ်ဆီလူတန်းစားတစ်ရပ်ကသာ ပိုက်ဆံသုံးစွဲနိုင်ကြပြီးတော့ လိုသလောက် လဲမရနိုင်သလို သုံးစွဲသူလည်း နည်းပါးပါတယ်။ ယခုအခါမှာတော့ ဆေးပြားချက်လုပ်ရာမှာ အသုံး ပြုတဲ့ ဓာတုပစ္စည်းတွေကို အလွယ်တကူရရှိအောင် စီစဥ်နိုင်ခြင်း၊ ဆေးပြားရိုက်စက်များကို သေးငယ် ကျစ်လစ်အောင် ဖန်တီးပြုလုပ်လာနိုင်ခြင်းတို့ကြောင့် နေရာဒေသမရွေး အလွယ်တကူ ထုတ်လုပ် လာနိုင်ကြပါတယ်။ ဆေးပြားမှာပါဝင်တဲ့ ဓာတုပစ္စည်းတွေရဲ့ အချိုးအစားကိုပြောင်းပြီးတော့ ရောနှော ပေါင်းစပ်ကာ ဈေးပေါအောင် ဖန်တီးပြုလုပ်လာကြတဲ့အတွက် တစ်ပြားလျှင်(၃၀၀၀)ကျပ်၊ (၅၀၀၀)ကျပ်၊ (၂၀၀၀)ကျပ်အထိ နေရာဒေသအလိုက် ဝယ်ယူရရှိလာနိုင်ပါတယ်။

မြန်မာနိုင်ငံအနှံ့ တောရော မြို့ပါ၊ ချောင်ကြို ချောင်ကြားပါမကျန် အလွယ်တကူကို ဝယ်ယူသုံးစွဲလို့ ရနိုင်နေပါပြီ။ အဓိကအားဖြင့် သာဓကအားဖြင့်ဆိုရင် ကျွန်တော်တို့ မန္တလေးမြို့ ဈေးကွက်သစ်က ကျူးကျော်အိမ်လေးတွေမှာ လက်ဖက်ရည်ဆိုင်ထိုင်သလိုမျိုးကို ဝင်/ထွက်ပြီးတော့ မူးယစ်ဆေးပြားတွေကို စိတ်ကြိုက် လွယ်လင့်တကူ သုံးစွဲနေနိုင်တဲ့ ဗွီဒီယိုဖိုင်တွေ လူမှုကွန်ယက် စာမျက်နှာပေါ်မှာ ပေါ်တက်လာတာကြည့်ခြင်းဖြင့် သိသာထင်ရှားပါတယ်။ ဒီလိုပေါများလွယ်ကူလာတော့ သုံးစွဲသူလူဦးရေကလည်း ကြောက်ခမန်းလိလိ တိုးပွားလာပါတယ်။ ကျောင်းသားငယ်လေးတွေ၊ အမျိုး သမီးငယ်လေးတွေ၊ ကလေးငယ်လေးတွေအထိပါ သုံးစွဲလာကြပါတယ်။ ဒီလို သုံးစွဲခြင်းနှင့်အတူ ရာဇဝတ်မှုတွေကလည်း ထူပြောလာပါတယ်။ အလွယ်တကူ ထုခွဲရောင်းချလို့ရတဲ့ ဖုန်းဟန်းဆက်တွေ၊ ဆိုင်ကယ်တွေကို ရိုက်နှက်လုယက်လာကြပါတယ်။ ဆေးအရှိန်နဲ့ စိတ်ကြွပြီးတော့ မင်းမဲ့စရိုက်ဆန်ဆန် လူကိုသတ်ပြီးတော့တောင် လုယက်လာကြပါတယ်။

ကျောင်းသားငယ်လေးတွေနဲ့ အမျိုးသမီးငယ်လေးတွေတောင် ပြစ်မှုကျူးလွန်လာကြ ပါတယ်။ ဒီ စိတ်ကြွမူးယစ်ဆေးပြားတွေကြောင့်ပဲ သက်ငယ်မုဒိမ်းမှုတွေ၊ ရာဇဝတ်မှုကြီးတွေ များပြား လာရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုရာဘဆေးပြားတွေ အလွန်ပေါများလွယ်ကူလာခြင်းဟာ ပြည်သူ တစ်ရပ်လုံးရဲ့ လူမှုဘဝလုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းစေရေးတို့ကို ကြီးစွာပျက်ပြားစေသလို နိုင်ငံရဲ့ အနာဂတ်ကိုပါ ရိုက်ချိုးဖျက်ဆီးနေတဲ့ အမျိုးသားရေးအန္တရာယ်အဆင့်ကို ယခုအခါမှာ ရောက်ရှိလို့ နေပါပြီ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ရာဘဆေးပြားပြုလုပ်ရာမှာ အသုံးပြုတဲ့ Methamphetamine အနွယ်ဝင် ဓာတုဆေးဝါးပစ္စည်းတွေက အိန္ဒိယနယ်စပ်က လာတာပါ။ ဆေးပြား

အများအပြားထုတ်လုပ်တဲ့ စက်ရုံတွေကလည်း အများစုက ရှမ်းပြည်နယ်၊ တရုတ်နယ်စပ်များမှာ တည်ရှိနေတာပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ The country View သတင်းစာရဲ့ သတင်းမှာပါတဲ့ ရှမ်းပြည်နယ်အခြေစိုက် ရာဘဆေးပြားထုတ်လုပ်တဲ့ စက်ရုံ(၃၈)ရုံရဲ့တည်နေရာကို Power Point မှာ ကြည့်ရှုနိုင်ပါတယ်။ ဆိုလိုတာက ဒီ မူးယစ်ဆေးပြားတွေဟာ ကုန်ချောရော၊ ကုန်ကြမ်းရောကို အဲသလို ဝေးလံတဲ့ ဒေသတွေကနေ ပြည်တွင်းကို လမ်းကြောင်းအစုံနဲ့ ရောက်ရှိလာအောင် သယ်ပို့ရောင်းဝယ်ဖောက်ကားနေနိုင်တဲ့ ကျွန်တော်တို့ နိုင်ငံရဲ့လုံခြုံရေးနဲ့ ဥပဒေစိုးမိုးမှု ပျက်ယွင်းနေခြင်းကို မီးမောင်းထိုးပြလိုခြင်းဖြစ်ပါတယ်။ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူတွေ၊ ဆက်နွှယ်ရာနိုင်ငံ့ဝန်ထမ်းတွေ၊ အာဏာပိုင် အပိုင်းအဝန်းနဲ့ မကင်းရာ မကင်းကြောင်းတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေ အများကြီး ပါဝင်ပတ်သက်နေပါတယ်။ ဆေးပြား သန်းနှင့်ချီ အလုံးအရင်းဖမ်းမိရင် ပိုင်ရှင်မဲ့ဖြစ်နေတာ၊ အရင်းအမြစ် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေတဲ့အဖွဲ့အစည်းတွေ၊ မူးယစ်ရာဇာကြီးတွေကို ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိဘဲ ကိုင်းဖျား၊ ကိုင်းနားလေးတွေကိုပဲ ဖမ်းမိနေတာကလည်း ကာလရှည်ကြာလှပါပြီ။ အခါတိုင်းလို သာမန်နှိမ်နင်းနေရုံမျှဖြင့်တော့ အောင်မြင်ထိရောက်မည် မဟုတ်ပါ။ စစ်ဆင်ရေးတစ်ရပ် အသွင်ဖြင့်၊ အထူးအစီအမံများဖြင့် ပြတ်ပြတ်သားသား ချေမှုန်းဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်ပါလိမ့်မယ်။

ဒါကြောင့် နိုင်ငံနှင့်လူမျိုးကို ကြီးစွာသောအန္တရာယ် ပေးလာနေပြီဖြစ်တဲ့ ရာဘခေါ် မူးယစ်စိတ်ကြွဆေးပြားများကို ယခုအခါတွင် မြန်မာနိုင်ငံ၏ နေရာဒေသအနှံ့အပြား၌ ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သောအခြေအနေဖြစ်အောင် ဖန်တီး လုပ်ဆောင်လာကြခြင်းများအား ထိရောက်စွာ တားဆီးနှိမ်နင်းရန်အတွက် စီမံဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိနှင့် ရှိပါကမည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

WY စာတန်းပါ ရာဘ စိတ်ကြွမူးယစ်ဆေးပြားများ ပြပုံ (အ-၁)



ရာဘ မူးယစ်ဆေးပြားရိုက်စက် ပြပုံ (အ-၁)



မူးယစ်ဆေးပြားသုံးစွဲပြီး ဓားဖြင့်ခုတ်၍ ဆိုင်ကယ်လုယူသော ဆယ်ကျော်သက်လူငယ်များ ပြပုံ (အ-၂)



**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ဦးဇေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ရန်ကုန် မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ပက်တန်းကျေးရွာအုပ်စု၊ ဘေကုန်းအုန်းခြံမှ ဦးသိန်းအေး အပါအဝင် အိမ်ထောင်စု(၅၅)စုတို့ရဲ့ မြေဧက(၁၄၀)နှင့်စပ်လျဉ်း၍ ယနေ့အထိ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲများကို တရားနည်းလမ်းကျစွာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုခြင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ပက်တန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၇၁/B)၊ ပက်တန်းတောင်ကွင်းတွင် စားကျက်မြေဧရိယာ(၃၆၉.၀၄)ဧကရှိပြီး မြေဧရိယာ(၇၂.၃၃)ဧကအား စားကျက်မြေပယ်ဖျက်ခွင့်ပြုပြီးဖြစ်သဖြင့် ကျန်စားကျက်မြေဧရိယာမှာ (၂၉၆.၇၁)ဧကဖြစ်ပါတယ်။ ကျန်ရှိတဲ့စားကျက်မြေဧရိယာ(၂၉၆.၇၁)ဧကအပေါ်မှာ နေထိုင်လျက်ရှိတဲ့ ဦးသိန်းအေး ပါ (၅၅)ဦးမှ ယင်းမြေနေရာပေါ်တွင် တရားဝင် ဆက်လက်နေထိုင်ခွင့်ရရှိရေးအတွက် စားကျက်မြေ ပယ်ဖျက်ခွင့်အား မှော်ဘီမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြသည့် ၂၅-၁၀-၂၀၁၇ ရက်စွဲပါစာမှာ မြေဧရိယာ ဖော်ပြထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ မှော်ဘီမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် ဦးသိန်းအေး ပါ (၅၅)ဦးရဲ့ တင်ပြလျှောက်ထားမှုအပေါ် မြို့နယ်အုပ်ချုပ်ရေးမှူး ပါဝင်တဲ့အဖွဲ့မှ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ရာ လျှောက်ထားတင်ပြမှုများ၊ တင်ပြသူများသည် စားကျက်မြေဧရိယာ(၄၀)ဧကခန့်အား လူနေထိုင်အသုံးပြုထားကြောင်း ကျန်စားကျက်မြေများမှာ ရေနက် ကွင်းဖြစ်၍ ရေကျပြီးနောက် စပါးစိုက်ပျိုးထားကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ထို့အပြင် ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လက်ရှိနေထိုင်လျက်ရှိတဲ့ စားကျက်မြေဧရိယာ(၄၀)ဧကခန့်အား စားကျက် မြေပယ်ဖျက်ခြင်းအတွက် ကန့်ကွက်ရန်မရှိသော်လည်းဘဲ ကျန်စားကျက်မြေများအား ခွင့်ပြုရန် မသင့် ကြောင်း သဘောထားတင်ပြချက်အရ စားကျက်မြေဧရိယာ(၂၉၆.၇၁)ဧကအနက်မှ မြေဧရိယာ (၄၀)ဧက အား စားကျက်မြေပယ်ဖျက်ခွင့်ရရှိရေး လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ စားကျက်မြေပယ်ဖျက်ခွင့် လျှောက်ထားနေစဉ်အတွင်း စားကျက်မြေအပေါ်တွင် ထပ်မံတိုးချဲ့ စိုက်ပျိုးခြင်း၊ လူနေအိမ်ဆောက်လုပ်ခြင်းနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများဆောက်လုပ်ခြင်း မပြုရန် မှော်ဘီမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၁၄-၁၁-၂၀၁၇ ရက်စွဲပါစာဖြင့် တားမြစ် ထားရှိပြီး ဖြစ်ပါတယ်။

စားကျက်မြေ ပြင်ဆင်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ အများပြည်သူ အကျိုးအတွက် နိုင်ငံတော်က လိုအပ်လျှင်သော်လည်းကောင်း၊ ကျွဲ၊ နွားစားကျက်မြေအဖြစ် အသုံးပြုမှုနည်းပါးလျှင် သော်လည်းကောင်း၊ စားကျက်မြေအဖြစ်မှ နုတ်ပယ်ရန်နှင့် ပယ်ဖျက်ရန် လိုအပ်ပါက မြန်မာနိုင်ငံတော်

မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက်များ (The Burma Land Revenue Directions, 1911) အပိုဒ် ၁၀၆ နှင့် ၁၀၇ တို့အရ တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့သည် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန် နည်းဥပဒေ ၇၇၊ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၆၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ပါတယ်။ စားကျက်မြေအဖြစ်မှ နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်း ကိစ္စများကို တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့မှ ဆောင်ရွက်နိုင်ခွင့်ရှိသော်လည်း စားကျက်မြေပေါ်တွင် အမှီသဟဲပြု နေတဲ့ ပတ်ဝန်းကျင်ကျေးရွာများမှ ကျွဲ၊ နွားများအတွက် ကျန်ရှိနေတဲ့စားကျက်မြေ လုံလောက်ခြင်း ရှိ/မရှိ သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ သဘောထားထောက်ခံချက်၊ တိရစ္ဆာန်ပိုင်ရှင်များနှင့် ဒေသခံပြည်သူများရဲ့ သဘောတူညီချက်၊ အမှန်တကယ်လိုအပ်ခြင်း ရှိ/မရှိ စိစစ်ချက်များနှင့်အတူ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ သဘောတူညီချက်တို့အပေါ် ပြည်ထဲရေးဝန်ကြီးဌာနမှ စိစစ်ပြီး အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများမှ အမိန့် ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်ပြီး စက်မှုလယ်ယာသို့ ပြည့်ဝစွာကူးပြောင်း နိုင်ခြင်းမရှိသေးသဖြင့် မလိုလားအပ်ဘဲ စားကျက်မြေများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် အဆိုပါ စားကျက်မြေဧရိယာ ဧက(၄၀) ပယ်ဖျက်ခွင့် အမှုတွဲအပေါ် စိစစ်ချက်များအရ ဒေသခံပြည်သူများ အမှန်တကယ် အသုံးပြုနေထိုင်လျက်ရှိတဲ့ ဧရိယာ အတွက်သာဖြစ်ခြင်းကြောင့် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၁၀-၉-၂၀၁၈ ရက်နေ့တွင် အတည်ပြု ပြီးဖြစ်သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၆၈ အရ စားကျက်မြေ ပယ်ဖျက်ခွင့်အမိန့် ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရွှေလှေကြီး ကျေးရွာအုပ်စုနေ ဦးသိန်းအေး ပါ (၅၅)ဦးမှ မှော်ဘီမြို့နယ်၊ ပက်တန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၇၁/B)၊ ပက်တန်းတောင်ကွင်း၊ စားကျက်မြေဧရိယာ(၄၀)ဧကကို ပယ်ဖျက်ခွင့်ပြုပါရန် လျှောက်ထား ခြင်းနှင့် စပ်လျဉ်း၍ အတည်ပြုပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းရဲ့ ဧရာဝတီမြစ်ဝှမ်းတွင် ရှိတဲ့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ၊ ချောက်၊ ရေနံချောင်း၊ ဆင်ပေါင်ဝဲမြို့များတွင် ဧရာဝတီမြစ် အတွင်းမှ ကျောက်များကို အတိုင်းအဆမရှိ စုပ်ယူထုတ်လုပ်နေခြင်းကို ထိန်းသိမ်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် တွင်းထွက်စက်မှုကုန်ကြမ်းနှင့် အလှဆင်ကျောက်အဆင့်တွင် ပါဝင်ခြင်းမရှိတဲ့ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်စရစ်၊ သဲ၊ မြေစေး၊ မြစ်သဲကျောက်စတဲ့ ဓာတ်သတ္တုပစ္စည်းများ ထုတ်လုပ်ခွင့် လုပ်ငန်းလိုင်စင် ချထားပေးရာမှာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ပတ်ဝန်းကျင် ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက် ဆက်စပ်ဌာနများဖြစ်တဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ရဲ့ ထောက်ခံချက်များအပြင် လျှောက်ထားတဲ့နေရာသို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး လတ်တလောတိုင်းတာရရှိတဲ့ ရေလမ်းပုံ အချက်အလက်များကို

အသုံးပြုကာ မြစ်ချောင်းရဲ့ရေလမ်းကြောင်း ထိခိုက်နိုင်မှုရှိ/မရှိ၊ ကမ်းပြိုမှုများ ဖြစ်ပွားနိုင်ခြင်းရှိ/မရှိ၊ မြစ်ရဲ့ဂေဟစနစ် ပျက်ယွင်းနိုင်ခြင်းရှိ/မရှိတို့ကို စိစစ်၍ သဘောထားထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ ကွင်းဆင်းစစ်ဆေး အစီရင်ခံစာတို့နှင့်အတူ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြရပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ဖြင့် မြန်မာနိုင်ငံ မြေနှင့်အခွန် အက်ဥပဒေ ပုဒ်မ ၃၈(က)၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် စည်းမျဉ်းဥပဒေ ပုဒ်မ ၃၁(၁)နှင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၂၃(က)(၁)တို့နှင့်အညီ ခရိုင်အုပ်ချုပ်ရေးမှူး၊ ကောလိတ္တော်အရာရှိက လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြစ်ကျောက်ထုတ်ယူခွင့်လိုင်စင် ချထားပေးမှုအနေဖြင့် မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်တွင် (၈)ဦးအား မြစ်ကျောက်ကျင်းပေါင်း(၅၆၀၀)ကျင်းမှ အခွန်ငွေကျပ်(၁၄၀)သိန်း၊ မကွေးခရိုင်၊ ချောက်မြို့နယ်တွင် (၄)ဦးအား မြစ်ကျောက်ကျင်းပေါင်း (၃၅၀၀) ကျင်း အခွန်ငွေကျပ်(၈၇.၅)သိန်း၊ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် (၂၂)ဦးအား မြစ်ကျောက်ကျင်းပေါင်း(၂၃၄၀၀)ကျင်းမှ အခွန်ငွေကျပ်(၅၈၅)သိန်း၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်တွင် (၁၁)ဦးအား မြစ်ကျောက်ကျင်းပေါင်း(၇၃၂၆)ကျင်းမှ အခွန်ငွေကျပ်(၁၈၃.၂၆)သိန်းဖြင့် လုပ်ငန်းရှင်(၄၅)ဦးထံမှ မြစ်ကျောက်ကျင်းပေါင်း(၃၉၈၂၆)ကျင်းအတွက် အခွန်ငွေ(၉၉၅.၇၆)သိန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်သာမြစ်အတွင်းမှ မြစ်ကျောက်စရစ် ထုတ်လုပ်ခွင့်လိုင်စင်များအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ထုတ်ပေးနိုင်ရေးအတွက် ၂၇-၄-၂၀၁၇ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးမှဆုံးဖြတ်ချက် အပိုဒ်(ဂ)တွင် လုပ်ကွက်တစ်ကွက်လျှင်(၅)ဧက ခွင့်ပြုရန်၊ အပိုဒ်(ဃ)တွင် (၅)ဧကတစ်ကွက်လျှင် ကျင်း(၁၀၀၀)ထိ သတ်မှတ်ခွင့်ပြုရန်နှင့် ကျင်း(၁၀၀၀)နှင့်အထက် ကျော်လွန်ထုတ်လုပ်ခွင့်မပြုရန်၊ အပိုဒ်(င)တွင် ဧရာဝတီမြစ်အတွင်း မြစ်ကျောက်စရစ် ထုတ်ယူဆောင်ရွက်နိုင်သည့် ရေလမ်းမြေပုံများအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ခရိုင်များသို့ ပေးပို့သွားရန် ဆုံးဖြတ်ခဲ့ပါတယ်။

ထို့ပြင် မြစ်သဲကျောက်ထုတ်လုပ်ရာမှာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် လိုင်စင်စည်းကမ်းများအား တိကျစွာလိုက်နာရေး၊ မြစ်၊ ချောင်းကမ်းပါးနံရံများ ပြိုကျမှုမရှိစေရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး၊ တရားမဝင် ထုတ်လုပ်မှုများမရှိစေရေး၊ သတ်မှတ်နေရာများတွင် လုပ်ငန်းများ ဆောင်ရွက်စေရေးတို့အတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာမှာ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ၂၈-၈-၂၀၁၇ ရက်နေ့တွင် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ မြစ်ကျောက်လုပ်ငန်းလိုင်စင် ရရှိသူများအားခရိုင်အလိုက် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများမှ ခေါ်ယူတွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန် ချပြရှင်းလင်းပြီး ဝန်ခံကတိပြု လက်မှတ်ရေးထိုးထားရှိပြီး ဖြစ်ပါတယ်။

၎င်းအပြင် မြစ်ကျောက်လုပ်ငန်းများ လုပ်ကိုင်သူများအနေဖြင့် သတ်မှတ်ဇကာလျှင် ကျင်းအရေအတွက်အတိုင်း ကိုက်ညီမှန်ကန်စွာ ထုတ်လုပ်ခြင်း ရှိ/မရှိ၊ ထုတ်လုပ်ပြီး ကျင်းအရေအတွက် ပြည့်မီပြီးနောက် ထပ်မံထုတ်လုပ်တဲ့ ကျင်းအရေအတွက်အတိုင်း ထုတ်လုပ်ခွင့်တင်ပြရယူခြင်း၊ ဆောင်ရွက်ခြင်း ရှိ/မရှိ သိရှိနိုင်ရန် ခရိုင်အုပ်ချုပ်ရေးမှူးများကိုယ်တိုင် တစ်လလျှင်(၂)ကြိမ် ကွင်းဆင်းစစ်ဆေးခြင်း၊ မြို့နယ်အလိုက် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဖောက်ဖျက်ကျူးလွန်သည့်လုပ်ငန်းရှင်များအား Black List စာရင်းမှတ်တမ်းရေးသွင်းပြီး ခွင့်ပြုလိုင်စင်နှင့် ညီညွတ်မှုမရှိသည့်လုပ်ငန်းလုပ်ကွက်များ တွေ့ရှိပါက ချက်ချင်း ထိန်းသိမ်းအရေးယူဆောင်ရွက်ရန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၇-၁၁-၂၀၁၇ ရက်နေ့တွင် အကြောင်းကြားခဲ့သဖြင့် မကွေးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၃၀-၁၁-၂၀၁၇ ရက်နေ့တွင် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အုပ်ချုပ်ရေးမှူးများထံသို့ လိုက်နာဆောင်ရွက်ရန် ထပ်မံအကြောင်းကြားခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ လိုင်စင်သက်တမ်းကာလအတွင်း မကွေးတိုင်းဒေသကြီးအတွင်း သရက်၊ ကံမ၊ ဆင်ပေါင်ဝဲ၊ အောင်လံမြို့များတွင် မြစ်ကြောင်းများထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၂၆ အရ လိုင်စင်စည်းကမ်း ဖောက်ဖျက်သူ(၁)ဦးနှင့် တရားမဝင်ထုတ်လုပ်သူ(၂)ဦးတို့အား (၁)ဦးလျှင်ဒဏ်ငွေ ကျပ်(၃)သိန်းစီဖြင့် ကျပ်(၉)သိန်းအားလည်းကောင်း၊ တရားမဝင် နယ်ကျော်သယ်ဆောင်သူတစ်ဦးအား ကျောက်ကျင်းတန်ဖိုးနှင့်ညီမျှသော ဒဏ်ငွေ ကျပ်(၁)သိန်းအားလည်းကောင်း၊ လိုင်စင်စည်းကမ်းဖောက်ဖျက်သူ(၂)ဦးအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆုံးဖြတ်ချက်အရ လိုင်စင်သက်တမ်းတိုးလျှောက်ထားချိန်မှာ ခွင့်မပြုရန် အသီးသီး အရေးယူဆောင်ရွက်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မြစ်သဲကျောက်ထုတ်လုပ်ရာမှာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် လိုင်စင်စည်းကမ်းများအား တိကျစွာလိုက်နာရေး၊ မြစ်ချောင်းများ ကမ်းပါးပြိုကျမှုမရှိစေရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေး၊ တရားမဝင်ထုတ်လုပ်မှုများမရှိစေရေး၊ သတ်မှတ်နေရာအတွင်းသာ လုပ်ငန်းများ ဆောင်ရွက်စေရေးအတွက် စိစစ်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လိုင်စင်စည်းကမ်း ဖောက်ဖျက်ခြင်းနှင့် လိုင်စင်မဲ့ ထုတ်ယူခြင်းများအား စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး ရဲ့ ယခုအခါ ရာဘ ခေါ် စိတ်ကြွဆေးပြားများကို မြန်မာနိုင်ငံရဲ့ နေရာအနှံ့အပြား၌ ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်တဲ့ အခြေအနေဖြစ်အောင် ဖန်တီးလုပ်ဆောင်လာခြင်းများအား ထိရောက်စွာ တားဆီးနှိမ်နင်းရန် စီမံဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန်နှင့် အချိန်ကို ထပ်တိုးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို အရှိန်အဟုန်မြင့် ဆောင်ရွက်

လျက်ရှိပြီး ယင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ၄-၇-၂၀၁၆ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို တင်ပြပါအတိုင်း အဖွဲ့ဝင်(၁၆)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တားဆီးကာကွယ်ရေးအဖွဲ့များအား အဆင့်ဆင့်ပြင်ဆင် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အနေနှင့် ဒေသခံပြည်သူ များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မူးယစ်ဗဟိုအောက်မှာ တင်ပြပါအတိုင်း ထုတ်လုပ်မှုပပျောက်ရေး လုပ်ငန်းအဖွဲ့(၅)ဖွဲ့၊ သုံးစွဲမှုပပျောက်ရေး လုပ်ငန်းအဖွဲ့(၅)ဖွဲ့၊ စုစုပေါင်း(၁၀)ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ခေတ်အဆက်ဆက် မြန်မာနိုင်ငံအစိုးရမှ မူးယစ်ဆေးဝါးပြဿနာများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့ကို ၈-၈-၂၀၁၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါမှာ တပ်ဖွဲ့ခွဲ(၃)ခွဲ၊ တပ်ဖွဲ့စု(၅၀)စုအထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး၊ နေပြည်တော်၊ ပြည်နယ်ရဲတပ်ဖွဲ့ များနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် နယ်မြေဒေသအခြေအနေ လိုအပ်ချက်အရ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကိုလည်း ၂၀၁၃ ခုနှစ်ကစတင်ပြီး ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်အထိ စစ်ဆင်ရေးပေါင်း(၂၂)ကြိမ် ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍လည်း စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချနိုင်မှ မူးယစ်ဆေးဝါးပျံ့နှံ့မှုကို ထိန်းချုပ်နိုင်မှာဖြစ်တဲ့ အပြင် မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ အသုံးပြုတဲ့ Precursors ဓာတုပစ္စည်းများအပြင် ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများ၊ ထုပ်ပိုးခွင့်များမကျန် နယ်စပ်ဝင်ပေါက်များက ဝင်ရောက်လျက်ရှိတာကို တပ်မတော် နယ်စပ်ကုန်သွယ်ရေး၊ အကောက်ခွန်ဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ၂၀၁၈ ခုနှစ်မှာ Precursors နှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ အမြောက်အများ ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမှု (၂၇)မှု ရှိခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ်သိန်းပေါင်း(၂)သိန်းကျော်ရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ Precursors များကို အသုံးပြု၍ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ပါက စိတ်ကြွဆေးပြား သန်း(၁၅၀)ခန့်နှင့် ၂၀၁၈ ခုနှစ်အတွင်း ဖမ်းဆီးရရှိတဲ့ ဘိန်း(၂.၄၃)တန်အား အဆိုပါ Precursors နှင့် ထုတ်လုပ်မယ် ဆိုပါက ဘိန်းဖြူ(၂၅၀)ကီလိုဂရမ်ခန့် ထုတ်လုပ်နိုင်ကြောင်း တွေ့ရှိရပါတယ်။ အဲဒီဆောင်ရွက်နိုင်မှုကို ကျွန်တော်တို့အနေနဲ့ ကြိုတင်ကာကွယ်တားဆီးနိုင်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ သုံးစွဲမှုတွေဟာ တစ်ခုနှင့်တစ်ခု ပတ်သက်ဆက်နွှယ်နေတာဖြစ်တဲ့ အတွက် နည်းလမ်းပေါင်းစုံအသုံးပြု၍ ချဉ်းကပ်ပြီး လျှော့နည်းကျဆင်းအောင် ကြိုးစားဆောင်ရွက် လျက်ရှိပါတယ်။

ဖမ်းဆီးရမှုဖြစ်စဉ်များနှင့် စစ်ဆေးဖော်ထုတ်ချက်များအပေါ် အခြေခံ၍ မူးယစ်ဆေးဝါး ပြောင်းလဲသယ်ဆောင်တဲ့လမ်းကြောင်းများကို လေ့လာသုံးသပ်ပြီး ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှာ မူးယစ် ဆေးဝါးများ၊ Precursors များကို ယခင်ကထက် ပိုမိုထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။

Precursors များကို ယခင်ကထက် ပိုမိုထိရောက်စွာ ဖမ်းဆီးနိုင်မယ့်အပြင် မူးယစ်ဆေးဝါး၊ ဓာတုပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ထိန်းချုပ်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ မဲခေါင်၊ MoU အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် ရန်ကုန်မြို့အခြေစိုက်တဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အေဂျင်စီများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များကို အပြည့်အဝထိန်းချုပ်ရန် ခက်ခဲတဲ့အတွက် Precursors များ ဝင်ရောက်မှုကို အပြည့်အဝ မထိန်းချုပ်နိုင်သဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးမှာလည်း စိန်ခေါ်မှုတွေ ဖြစ်ပေါ်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂ ကွန်ဗင်းရှင်းဖြင့် ထိန်းချုပ်ထားတဲ့ Precursors (၂၃)မျိုးအပြင် နိုင်ငံတော်ကလိုအပ်ချက်အရ ကဖင်း၊ သိုင်အိုနိုင်း ကလိုရိုက်နှင့် ဆာဖရိုးလ်၊ ပြည့်ဝဆီ စတဲ့(၃)မျိုးကိုလည်း Precursors အဖြစ် ထပ်မံထည့်သွင်းထားသဖြင့် တင်ပြပါ ဓာတုပစ္စည်း (၂၆)မျိုးသတ်မှတ်ထားရှိပါတယ်။ ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) United Nations Office on Drugs and Crime (ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး)ရဲ့ အစီရင်ခံစာအရ ၂၀၁၅ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု (၅၅၅၀၀) hectare ရှိရာမှာ ၂၀၁၇ ခုနှစ်မှာ (၄၁၀၀၀) hectare အထိ ကျဆင်းသဖြင့် ဘိန်းစိုက်ပျိုးမှုရာခိုင်နှုန်း (၂၅)ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်ကတော့ (UNODC) က ဘတ်ဂျက်အခြေအနေအရ တိုင်းတာနိုင်ခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။

ဘိန်းစိုက်ပျိုးမှု လျော့ကျမှုအရ ဘိန်းထုတ်လုပ်မှုမှာလည်း ၂၀၁၅ ခုနှစ်မှာ (၆၄၇) မက်ထရစ်တန်ရှိရာမှ ၂၀၁၇ ခုနှစ်မှာ (၅၅၀)မက်ထရစ်တန်သို့ ကျဆင်းသဖြင့် (၁၄)ရာခိုင်နှုန်း ကျဆင်းကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ထိုသို့ စိုက်ပျိုးမှုလျော့ကျလာတဲ့အပြင် စိုက်ပျိုးထားတဲ့ ဘိန်းခင်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံတို့ ပူးပေါင်းပြီး ဖျက်ဆီးခဲ့ရာ ၂၀၁၇-၂၀၁၈ ဘိန်းစိုက်ရာသီကာလအတွင်း ဘိန်းစိုက်ခင်း (၆၄၃၁.၅၄)ဧကကို ဖျက်ဆီးနိုင်ခဲ့ပါတယ်။ ထို့အပြင် ဘိန်းစိုက်ပျိုးမှု လျော့နည်းကျဆင်းရေးအတွက် ဘိန်းမျိုးစေ့ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းများကို အုပ်ချုပ်မှုနည်းစနစ်ဖြင့် ဆက်လက်ထိန်းချုပ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တပ်ဖွဲ့ဝင်များအား စွမ်းရည်မြှင့်တင်ပေးခြင်း၊ ခေတ်မီကာကွယ်ရေးကိရိယာများ တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သော်လည်း ကုန်တင်ကားကြီးများ၊ ဆီဘောက်စာကားကြီးများနှင့် လူနာတင်ယာဉ်ကြီးများဖြင့် သယ်ဆောင်ခြင်းများရှိခဲ့ပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေဖြင့် ကုန်ပစ္စည်းများအားလုံး ချပြီးစစ်ဆေးရန် အခက်အခဲရှိလာပါတယ်။ အဆိုပါ အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် မော်တော်ယာဉ်များရဲ့ ဘန်ဘာ၊ တံခါး၊ အိပ်ဇော၊ ဒက်ရှ်ဘုတ်၊ ထိုင်ခုံ၊ တာယာနှင့် ကြမ်းခင်းတို့ကို စစ်ဆေးနိုင်ပြီး (၂)မီလီမီတာထုအား ဖောက်ထွင်းစစ်ဆေးနိုင်တဲ့ ခေတ်မီလက်ကိုင် X-Ray၊ ရှာဖွေရေးကိရိယာ (HEURESIS) (၇)ခုကို မူးယစ်ဆေးဝါးသယ်ဆောင်ရေး လမ်းကြောင်းပေါ်ရှိ စစ်ဆေးရေးစခန်းများတွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်းမှစတင်ပြီး တပ်ဆင်အသုံးပြုလျက် ရှိပါတယ်။ ထို့အပြင် ကုန်တင်ကားကြီးများအား တစ်စီးလုံးစစ်ဆေးနိုင်တဲ့ X-Ray စက်ကြီးများကိုလည်း တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ဆောင်ရွက်လျက်ရှိရာမှာ ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာတဲ့ သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် မူးယစ်

ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနကို နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်အမှတ်(၁၈၇/၂၀၁၈)အရ ၂၆-၆-၂၀၁၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ပေးပို့တိုင်ကြားလာတဲ့ သတင်းများအနက် ၁၀-၉-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၂၃၂)မှုဖွင့်လှစ်ကာ တရားခံ(၃၅၇)ဦးကို ဖမ်းဆီးရမိပြီး တင်ပြပါမူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ပါတယ်။ ထိုသို့ နိုင်ငံတော်သမ္မတရုံးရဲ့ တိုက်ရိုက်ကွပ်ကဲမှုဖြင့် စုံစမ်းဖမ်းဆီးမှုများအပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ အစီအစဉ်ဖြင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ အထူးစစ်ဆေးရေးများ ဆောင်ရွက်ခြင်းတို့ဖြင့် မူးယစ်ဆေးဝါး ဖမ်းဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၀၈ ခုနှစ်မှာ အမှုပေါင်း (၂၄၃၁)မှု၊ တရားခံပေါင်း (၃၇၇၃)ဦးသာ ဖမ်းဆီးခဲ့ရာမှာ ၂၀၁၇ ခုနှစ်မှာ အမှုပေါင်း (၉၅၄၄)မှု၊ တရားခံပေါင်း (၁၄၀၀၀)ဦးအထိ နှစ်စဉ် တိုးတက်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလ ၁၀ ရက်နေ့အထိ အမှုပေါင်း (၈၇၇၅)မှု၊ တရားခံ(၁၂၅၇၇)ဦး ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရရှိမှု မူးယစ်ဆေးဝါးများမှ ဘိန်း(၂၄၂၆.၆၂)ကီလို၊ ဘိန်းဖြူ(၇၂၇.၅၈)ကီလို၊ အိုက်စ်(၂၄၈၅.၉၆)ကီလို၊ စိတ်ကြွဆေးပြား(၈၂.၁၉)သန်း၊ ဆေးခြောက်(၉၀.၅၉)ကီလို အပါအဝင် တင်ပြပါအတိုင်း ဖမ်းဆီးရမိခဲ့ပါတယ်။

၂၀၁၈ ခုနှစ်အတွင်း စိတ်ကြွဆေးပြား (၁)သန်းအထက် ဖမ်းဆီးရမှု(၁၀)မှုရှိခဲ့ပြီး ရှမ်းပြည်နယ် မြောက်ပိုင်း၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ လဝါကျေးရွာမှာ စိတ်ကြွဆေးပြား (၃.၃)သန်းနှင့် ဘိန်းဖြူ (၃.၄၁)ကီလိုအား တပ်မတော်မှ ဖမ်းဆီးရမိခဲ့ပြီး တပ်မတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ရဲတပ်ဖွဲ့မှူး၊ ရဲတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ ကျန်အမှု(၉)မှု စိတ်ကြွဆေးပြား (၅၂.၇၈)သန်းကျော်ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များကို ပြည်တွင်းပြည်ပ သင်တန်းများစေလွှတ်၍ လုပ်ငန်းစွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ်မှာ ပြည်တွင်း(၄)ကြိမ်၊ ပြည်ပ(၅)ကြိမ်၊ စုစုပေါင်း(၁၇၉)ဦး၊ ၂၀၁၈ခုနှစ် ဩဂုတ်လအထိ ပြည်တွင်း(၇)ကြိမ်၊ ပြည်ပ(၁၁)ကြိမ်၊ သင်တန်းသား (၃၄၇)ဦးကို သင်တန်းတက်ရောက်စေနိုင်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲလာမှု များလာတာနဲ့အမျှ မူးယစ်ဆေးဝါးလိုအပ်မှု များပြားလာမှာဖြစ်သဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းရေးအတွက် ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနမှ ရွှေပြည်သာ၊ ရွှေပြည်သစ်၊ ရွှေပြည်အေး ပြန်လည်ထူထောင်ရေးစခန်း(၃)ခုကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆေးကုသဌာနကြီး(၂၆)ခု၊ ဆေးကုသဌာန(၄၇)ခု၊ မက်သဒုန်း အစားထိုးကုသခြင်း(၅၁)နေရာ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စခန်းအခြေပြုပြန်လည်ထူထောင်ရေးစခန်း၊ ပြည်သူလူထုအခြေပြု ပြန်လည်ထူထောင်ရေးစခန်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မူးယစ်ဆေးဝါးပြဿနာ လျော့နည်းကျဆင်းရေးအတွက် တားဆီးနှိမ်နင်းရေး လုပ်ငန်းတစ်ခုတည်းနဲ့ အောင်မြင်မှုမရရှိနိုင်ပါသဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံရဲ့ အမျိုးသားမူးယစ်ဆေးဝါး မူဝါဒအသစ်ကို ၂၀-၂-၂၀၁၈ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊

နေပြည်တော်ကောင်စီ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေးအနေဖြင့် ကျောင်းသားလူငယ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများ ပြန့်နှံ့ဝင်ရောက်မှုမရှိစေရေးအတွက် အသိပညာပေးဆောင်ရွက်ခဲ့ရာမှာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့အထိ (၂၂၀၄၄)ကြိမ်၊ ကျောင်းသားဦးရေ (၂.၂၄၉)သန်းကို အသိပညာပေးနိုင်ခဲ့တဲ့အပြင် လက်ကမ်းစာစောင် ဖြန့်ဝေခြင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြားတို့မှ ပညာပေးအစီအစဉ်များ ရေးသားထုတ်လွှင့်ခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ မူးယစ်ဆေးဝါးတားဆီးပပျောက်ရေးအတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဖမ်းဆီးမှုများအပြင် နိုင်ငံတော်သမ္မတရုံး အစီအစဉ်ဖြင့် မူးယစ်ဆေးဝါး အထူးသတင်းပေးတိုင်ကြားရေးဌာနကို ဖွင့်လှစ်ကာ အုပ်ချုပ်မှုလမ်းကြောင်း အတိုဆုံးဖြင့် ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပြင် ထုတ်လုပ်မှုလျှော့ချရေး၊ အစားထိုးဖွံ့ဖြိုးရေး သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲ အန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေးတို့ကို လူ့အခွင့်အရေးနှင့်အညီ ဆောင်ရွက်ရန် မူးယစ်ဆေးဝါးမူဝါဒ (New DRUG POLICY) ပြဋ္ဌာန်းပြီး ပေါင်းစပ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။		။ လိုရင်းကိုမေး။

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။		။ ဝန်ကြီး။ ဒီလိုလုပ်ငန်းရှင်တွေကို ကျွန်တော်တို့ အရေးယူတယ်ဆိုတာ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို လုပ်ငန်းရှင်တွေကို အရေးယူတယ်ဆိုတာ။ ဝန်ကြီး ကျေးဇူးတင်ပါတယ်။ ကျွန်တော် မေးခွန်းက ထပ်ပြီးတော့ မေးချင်တာက ၁၉-၈-၂၀၁၈ ရက်နေ့မှာ ကော်သုံးကော်နဲ့ပတ်သက်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေး ဒုတိယဝန်ကြီးဖြေသွားတဲ့ အဖြေတစ်ခုရှိပါတယ်။ ဥပဒေ၊ နည်းဥပဒေတွေ မည်သို့ပင် ပြဋ္ဌာန်းထားပေမယ့်လို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ ညွှန်ကြား - - - - - - - -

**ဥက္ကဋ္ဌ**။		။ ကိုယ်စားလှယ်ကြီး ဘယ်မေးခွန်းကို မေးမှာလဲ။

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။		။ ကျူးလွန်ဆောင်ရွက်မှုတွေ ပေါ်ပေါက်မှုတွေက ဒီဥပဒေ၊ နည်းဥပဒေလမ်းညွှန်ချက်တွေကို ကိုင်တွယ်ကျင့်သုံးတဲ့ အချို့ဌာနအဖွဲ့အစည်းပိုင်းက အားနည်းချက်ရှိမှုတွေ၊ ကိုယ်ကျိုးရှာမှုတွေကို အကြောင်းပြုပြီးတော့ ကျူးလွန်နေတာဖြစ်တဲ့အတွက် ဒါတွေကိုကော ဘယ်လိုများ အရေးယူဆောင်ရွက်ဖို့ ပြင်ထားပါသလဲ ဆိုတာ ကျွန်တော် မေးလိုပါတယ်။

**ဥက္ကဋ္ဌ**။		။ ဖြေနိုင်မလား။

**ဗိုလ်ချုပ်အောင်သူ (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။		။ ပေါင်းစပ်ဖြေကြားချက်အရ ကျွန်တော် လာရောက်ရှင်းလင်းခြင်းဖြစ်တဲ့အတွက် မကွေးတိုင်းဒေသကြီးအစိုးရကို ထပ်မံပြီးတော့မှ မေးမြန်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရှမ်းတဲကြီးရပ်ကွက်၌ စာသင်ကျောင်း လုံးဝမရှိသောကြောင့် ကျောင်းတစ်ကျောင်း ပေါ်ထွန်းလာစေရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရှမ်းတဲကြီးရပ်ကွက်တွင် စာသင်ကျောင်း လုံးဝမရှိသောကြောင့် ကျောင်းတစ်ကျောင်း ပေါ်ထွန်းလာစေရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်တစ်ခုဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်အတွင်းရှိ ရပ်ကွက်ကြီးပေါင်း (၃၂)ရပ်ကွက် အနက်က တစ်ခုဖြစ်တဲ့ ရှမ်းတဲကြီးရပ်ကွက်အတွင်းမှာ နေထိုင်ကြတဲ့ ကျွန်တော်တို့ သားသမီးများဟာ ရပ်ကွက်အတွင်း ပညာသင်ကြားရန် မည်သည့်ကျောင်းမျှ မရှိတဲ့အတွက် ရပ်ကွက်အတွင်းရှိ အထက်တန်းကျောင်းသားများကတော့ (၄)မိုင်လောက်ကွာဝေးတဲ့ လေးထောင့်ကန် အထက်တန်းကျောင်းကို ပင်ပန်းဆင်းရဲစွာ နေ့စဉ် ကျောင်းတက်ကြရသလို ရပ်ကွက်အတွင်းမှာရှိတဲ့ အလယ်တန်းနှင့် မူလတန်းကျောင်းသားများဟာလည်း မြို့နယ်ကျော်လွန်ကာ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်အတွင်းရှိ ကျောင်းများမှာ နေ့စဉ် ခက်ခဲစွာ သွားလာ၊ သွားရောက်ပြီးတော့ ပညာသင်ကြားနေကြရပါတယ်။

အဲဒီလို မိမိတို့ရပ်ကွက်အတွင်း မူလတန်းကျောင်းလေးတောင်မရှိတဲ့အတွက် သားသမီးများကို ပညာတတ်စေချင်တဲ့အတွက် မိဘများဟာ ဆင်းရဲနွမ်းပါးကြတဲ့ကြားကနေ ဝမ်းစာရှာရတာက တစ်ဖက်၊ ဝေးလံတဲ့ကျောင်းများဆီကို ကျောင်းပို့/ကျောင်းကြို လုပ်ရတာက တစ်ဖက်နဲ့ နေ့စဉ်နှင့်အမျှ

ဘယ်လောက်ပင်ပန်းဆင်းရဲပြီး စရိတ်စကတွေ ပိုမိုကုန်ကျနေကြမယ်ဆိုတာ တွေးကြည့်ရုံနဲ့၊ စာနာကြည့်ရုံနဲ့ သိနိုင်ကြပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူများဟာ ရပ်ကွက်အတွင်း အိုးမကွာ အိမ်မကွာ သားသမီးများ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ဖို့အတွက် ကျွန်တော်တို့ ရပ်ကွက်အတွင်း မူလတန်းကျောင်းလေးတစ်ကျောင်း စတင်ကာ ကျောင်းပေါ်ထွန်းလာဖို့အတွက် အာသီသ ပြင်းပြလျက်ရှိကြပါတယ်။

သို့ပေမယ့်လည်း ရပ်ကွက်အတွင်းမှာတော့ ကျောင်းဆောက်ဖို့ မြေလွတ်၊ မြေလပ်ဆိုတာ မရှိတဲ့အခြေအနေမျိုးကို ကြုံတွေ့နေရပါတယ်။ သို့ပေမယ့်လည်း အဆိုပါ ရှမ်းတဲကြီးရပ်ကွက်အတွင်း ယခင်စားကျက်မြေဧက (၄၄)ဧကလောက် ရှိခဲ့ပေမယ့်လည်း ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီးတော့ ကျောင်းတစ်ကျောင်းစာ မြေရရှိရေးနှင့်အတူ ရပ်ကွက်အတွင်း ကျောင်းတစ်ကျောင်း ပေါ်ထွန်းလာစေရေး ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိကို ရှမ်းတဲကြီးရပ်ကွက်အတွင်းနေထိုင်သူ သားသမီးများရဲ့ ပညာရေးဆိုင်ရာအနာဂတ်အတွက် စိုးရိမ်ကြောင့်ကြစွာဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ကျောင်းတွင်းအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ကျောင်းတွင်းလုပ်ငန်းစဉ်များ၊ ပညာရပ်ဆိုင်ရာ သင်ကြားပေးသော ဆရာ/ဆရာမများ၊ ဝန်ထမ်းများ၏ ရာထူးခန့်ခြင်း၊ ရာထူးတိုးခြင်းများကို မည်သည့်အစီအစဉ်ဖြင့် မည်သို့မည်ပုံ စီမံလုပ်ဆောင်နေကြောင်းနှင့် ရှေ့ဆက်လုပ်ဆောင်ရန်ရှိနေမှုများကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး က အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ကျောင်းတွင်းအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ကျောင်းတွင်းလုပ်ငန်းစဉ်များ၊ ပညာရပ်ဆိုင်ရာ သင်ကြားပေးသော ဆရာ/ဆရာမများ၊ ဝန်ထမ်းများ၏ ရာထူးခန့်ခြင်း၊ ရာထူးတိုးခြင်းများကို မည်သည့်အစီအစဉ်ဖြင့် မည်သို့မည်ပုံ စီမံလုပ်ဆောင်နေကြောင်းနှင့် ရှေ့ဆက်လုပ်ဆောင်ရန် ရှိနေမှုများကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) က နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ မေးခွန်းနှင့် စပ်လျဉ်းပြီး Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။


နိုင်ငံတကာ တက္ကသိုလ်တွေမှာ တက္ကသိုလ်အုပ်ချုပ်ရေးဘုတ်အဖွဲ့က အဓိကကျပါတယ်။ တက္ကသိုလ်တွေရဲ့ ကျောင်းတွင်းလုပ်ငန်းတွေမှာပဲဖြစ်ဖြစ်၊ ကျောင်းသားတစ်ဦးချင်းရဲ့ အရည်အသွေးတိုးတက်မှုမှာပဲဖြစ်ဖြစ် ဆရာ၊ ဆရာမတစ်ဦးချင်းရဲ့ အရည်အသွေးအကဲဖြတ်ဖို့ တက္ကသိုလ်အုပ်ချုပ်ရေးဘုတ်အဖွဲ့က အမြဲမပြတ် စောင့်ကြည့်ဆွေးနွေး မှတ်တမ်းပြုကြပါတယ်။ အထူးသဖြင့် အသက်မွေး

ဝမ်းကျောင်းတက္ကသိုလ်တွေမှာရှိတဲ့ ကျောင်းသား၊ ဆရာ၊ ဆရာမတွေရဲ့ တစ်ဦးချင်းအရည်အသွေးနဲ့ ကျောင်းနေအရွယ်တိုးတက်မှု အောင်မြင်ကျော်ကြားမှုဟာ တက္ကသိုလ် အုပ်ချုပ်ရေးဘုတ်အဖွဲ့တွေရဲ့ စွမ်းဆောင်နိုင်မှုအပေါ်မှာ မူတည်နေပါတယ်။ ကျွန်မတို့နိုင်ငံမှာ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၆ အရ အဆင့်မြင့်ပညာကျောင်းတွေမှာ လွတ်လပ်စွာ စီမံခန့်ခွဲသည့်စနစ် ကျင့်သုံးဖို့ ဖော်ပြထားသလို ပုဒ်မ ၂၈(ဂ)မှာ စီမံခန့်ခွဲရေးကို တက္ကသိုလ်ကောင်စီ၊ တက္ကလိုလ် အုပ်ချုပ်ရေးအဖွဲ့တွေက တာဝန်ယူရပါတယ်။ ပုဒ်မ ၅၇(ဃ)မှာလည်း တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဖွဲ့ခွင့်၊ စီမံခန့်ခွဲခွင့်ကို ပေးထားပါတယ်။ အဆင့်မြင့်ပညာဦးစီးဌာနကလည်း ဆရာ၊ ကျောင်းသား အသင်းအဖွဲ့တွေနဲ့ စီမံခန့်ခွဲနိုင်ဖို့ ကျောင်း အုပ်ချုပ်ရေးအဖွဲ့တွေမှာ ပါဝင်တာဝန်ယူစေတာတွေ့ရပါတယ်။


ဒါပေမဲ့လည်း အချို့ကျောင်းအုပ်ချုပ်ရေး အဖွဲ့တွေမှာ ဆရာ၊ ကျောင်းသား ကိုယ်စားလှယ်တွေ ပါဝင်ခွင့်မရဘဲ မျှတမှုမရှိသလို ပွင့်လင်းမြင်သာမှုမရှိသလို ဖြစ်နေပါတယ်။ ပုဒ်မ ၅၃(က)နှင့် ၅၆(က)အရ ဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတို့ဟာ တိုက်ရိုက်စီမံခန့်ခွဲ လုပ်ဆောင် တာတွေ့ရပါတယ်။ အဲဒီအတွက် ကျောင်းတွင်းအုပ်ချုပ်ရေးဖွဲ့စည်းခြင်းနဲ့ ကျောင်းတွင်းလုပ်ငန်းစဉ် တွေမှာ ကျောင်းသားနဲ့ ဆရာ ပူးပေါင်းဆောင်ရွက်မှု အားနည်းပါတယ်။ အဲဒီအပြင် ဆရာ၊ ဆရာမ တွေရဲ့ ရာထူးတိုးခြင်း၊ ခန့်ခြင်းနဲ့ ပတ်သက်ပြီးတော့ မျှတမှုမရှိလို့ ပွင့်လင်းမြင်သာမှုမရှိလို့ဆိုပြီး တိုင်ကြားတာတွေ ရှိနေပါတယ်။ အမှုထမ်းလုပ်သက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု ဘွဲ့၊ ဒီဂရီ၊ Certificate စတဲ့ Criteria တွေနဲ့ မှတ်ချက်ပြုမှု သဘောထားတွေကို အုပ်ချုပ်ရေးအဖွဲ့တွေက သေချာစိစစ် မှတ်ချက်ပြုထောက်ပြကြရမှာ ဖြစ်ပါတယ်။ အကျိုးဆက်ကတော့ တစ်ချိန်က နိုင်ငံတကာ အသိအမှတ်ပြုခဲ့တဲ့ တက္ကသိုလ်တွေ ကျွန်မတို့ နိုင်ငံမှာရှိခဲ့ပေမယ့် အခုအချိန်မှာ တစ်နှစ်ထက်တစ်နှစ် ကျောင်းအဆင့်သတ်မှတ်ချက်တွေ နိမ့်ကျသွားပါတယ်။

Slide ထဲမှာ ဖော်ပြထားသလိုပဲ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ နှိုင်းယှဉ်ကြည့်ရင် တက္ကသိုလ်ရဲ့ အဆင့်သတ်မှတ်ချက် တစ်နှစ်ထက်တစ်နှစ် နိမ့်ကျသွားပါတယ်။ မကြာသေးမီကလည်း ပညာရေး မြှင့်တင်မှုကော်မရှင်က အဆင့်မြင့်ပညာ ဥပဒေရေးဆွဲဖို့နဲ့ ပညာရေးမြှင့်တင်ဖို့အတွက် လွှတ်တော်မှာ အကြံပြု တင်ပြသွားတာရှိပါတယ်။ အဲဒီအတွက် နိုင်ငံတကာအဆင့်မီ ပညာရေးမြှင့်တင်နိုင်ဖို့နှင့် အထူးသဖြင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ပညာရပ်ဆိုင်ရာ မြှင့်တင်နိုင်ဖို့အတွက် ကျောင်းတွင်း အုပ်ချုပ်ရေးအဖွဲ့တွေ၊ ကျောင်းတွင်းလုပ်ငန်းစဉ်တွေ၊ ပညာရပ်ဆိုင်ရာ သင်ကြားပေးတဲ့ ဆရာ၊ ဆရာမ ဝန်ထမ်းတွေရဲ့ ရာထူးတိုးမြှင့်ခြင်းကို ပွင့်လင်းမြင်သာစွာနဲ့ ထိရောက်အောင်မြင်အောင် မည်သို့မည်ပုံ လုပ်ဆောင်ထားကြောင်းနှင့် ရှေ့ဆက်လုပ်ဆောင်ရန်တွေကို သိရှိလိုတဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းရပါတယ်။ ကျေးဇူးတင်ပါတယ်။

ကျောင်း၏ စည်းကမ်းဥပဒေနှင့် အုပ်ချုပ်ရေး(Board) ဖွဲ့စည်းပုံ ပြပုံ (ကက)




အဆင့်မြင့် ပညာဦးစီးဌာန၏ တက္ကသိုလ်များအတွက် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းသော ညွှန်ကြားချက် ပြပုံ (ကက-၁)




အဆင့်မြင့်ပညာဦးစီးဌာန

ဒေါက်တာသိန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

C:\Users\ADMIN\Desktop\uni developmet.doc

မြန်မာနိုင်ငံ တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက် ပြပုံ (ကက-၂)




**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၂။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီးက လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းများနှင့် ပတ်သက်ပြီးတော့မှ ပြန်လည်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦး ၏ မေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရှမ်းတဲကြီး ရပ်ကွက်မှာရှိတဲ့ အထက်တန်းကျောင်းသား (၇၇)ဦး၊ အလယ်တန်းကျောင်းသား (၇၀)ဦးတို့ဟာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း အကြံပြုသွားတဲ့အတိုင်းပဲ (၄)မိုင်ခန့်ကွာဝေးတဲ့ လေးထောင့်ကန် အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကျောင်းသား (၁၁၇)ဦးတို့ကတော့ အ.လ.က(ခွဲ) အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းတွေမှာ တက်ရောက်ပြီးတော့မှ ပညာသင်ယူလျက်ရှိကြပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရှမ်းတဲကြီးကျေးရွာနဲ့ အ.လ.က(ခွဲ) အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းနဲ့ လေးထောင့်ကန် အခြေခံပညာအထက်တန်းကျောင်းရဲ့ မြေပုံဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုတဲ့အတိုင်းပဲ ကျွန်တော်တို့ ကျောင်းသစ်ဖွင့်ဖို့လို့အတွက် ဒေသခံပြည်သူတွေမှာရှိတဲ့ ကျောင်းနေအရွယ် ကလေးတွေအတွက် ကျောင်းလိုပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ယနေ့အထိ ကျောင်းသစ်ဖွင့်နိုင်ဖို့ဆိုလို့ရှိရင်တော့ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို အကြမ်းဖျင်းတင်ပြရမယ်ဆိုလို့ရှိရင်တော့ ဒါ ကိုယ်အားကိုယ်ကိုး ကျောင်းအဖြစ်နဲ့ ဖွင့်ကြပါတယ်။ ဖွင့်ပြီးရင်တော့ ပညာရေးဝန်ကြီးဌာနကို လျှောက်ထားမယ်ဆိုလို့ရှိရင်တော့ ကျောင်းမြေပိုင်ဆိုင်မှုရယ်၊ မြေပိုင်ဆိုင်မှုအထောက်အထား ပုံစံ(၁၀၅)ရယ်၊ မြေပုံ(၂)ပုံရယ်၊ မြို့နယ်မြေစာရင်း ဦးစီးဌာနရဲ့ စာရယ်၊ ကျောင်းဆောင်ပရိဘောဂ သင်ကြားမယ့် ဆရာ၊ ဆရာမတွေနဲ့ ဖြည့်ဆည်းဆောင်ရွက်ထားမှုတွေကို ကျွန်တော်တို့ကို တင်ပြပြီးတော့ ကျောင်းတွေကို ဖွင့်လှစ်လျက်ရှိပါတယ်။ ကျောင်းတွေဖွင့်လှစ်ပြီးတော့မှ မူလတန်းကျောင်း(ခွဲ)အဖြစ် အသိအမှတ်ပြုပြီးပြီ ဆိုလို့ရှိရင်တော့ မူလတန်းကျောင်း(ခွဲ)ကနေ မူလတန်းကျောင်း၊ ပြီးရင် မူလတန်းကျောင်းကနေ မူလတန်း(လွန်)ကျောင်း၊ မူလတန်း(လွန်)ကျောင်းကနေ အလယ်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း(ခွဲ)ကနေ အလယ်တန်း၊ အလယ်တန်းကျောင်းကနေပြီးတော့မှ အထက်တန်းကျောင်း(ခွဲ)၊ အထက်တန်းကျောင်း အဆင့်ဆင့် အဆင့်တိုးမြှင့်ဖို့ဆိုရင်တော့ ကျောင်းသားဦးရေ သတ်မှတ်ချက် သို့မဟုတ် ခရီးအကွာအဝေး မိုင်အပေါ်မှာ မူတည်ပြီးတော့မှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေကို အဆင့်တိုးမြှင့် ဖွင့်လှစ်ဖို့လို့အတွက် ကျွန်တော်တို့ သတ်မှတ် မူဘောင်တွေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားရတာ ဖြစ်ပါတယ်။

ကျောင်းဖွင့်ပြီးပြီဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒါ ကျောင်းဖွင့်ဖွင့်ချင်း (၁)နှစ်အထဲမှာတော့ ကျွန်တော်တို့ ဆရာ၊ ဆရာမ လိုအပ်နေတဲ့ကျောင်းဆောင်၊ လိုအပ်နေတဲ့ပရိဘောဂ သင်ထောက်ကူပစ္စည်းတွေ၊ စာကြည့်တိုက်တွေ ချက်ချင်း ဖြည့်ဆည်းပေးဖို့ဆိုတာကတော့ ဒါ ဘဏ္ဍာရေးနှစ်ရဲ့ အဆိုပြုတဲ့အခါမှာ (၁)နှစ် နောက်ကျနေတဲ့အတွက် မရပါဘူး။ သို့သော် နောက်တစ်နှစ်ကြာပြီးတဲ့အခါမှာတော့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ခုနတုန်းက ရှမ်းတဲကြီးကျေးရွာမှာ ကျွန်တော်တို့ မြေနေရာရရှိဖို့လို့ ကျောင်းဖွင့်လှစ်နိုင်ရေးအတွက်ကိုတော့ ဒေသခံပြည်သူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဝန်ကြီးဌာနများ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုလို့ရှိရင်တော့ အဲဒီဒေသမှာ လိုအပ်နေတဲ့ ဒီ ကျောင်းတစ်ကျောင်း ကျွန်တော်တို့ ဖွင့်လှစ်နိုင်လိမ့်မယ်လို့ ကျွန်တော် ဒီအတိုင်းပဲ တင်ပြလိုပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ ကရင်ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ရဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့မှ ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မှန်ပါတယ်။ ကျွန်တော်တို့ Next Slide Please. အမျိုးသားပညာရေးဥပဒေမှာ ပုဒ်မ ၂(ဓ)မှာ အဆင့်မြင့်ပညာရေးဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို အမျိုးသားပညာရေးမူဝါဒကော်မရှင်က အသိအမှတ်ပြုထားတဲ့ ကျောင်းတစ်ခုခုက လေ့ကျင့်သင်ကြားပေးတဲ့ပညာရေးကို ဆိုသည်လို့ ဒီအတိုင်း အဓိပ္ပာယ်ဖွင့်ထားပါတယ်။ နောက်တစ်ခုကလည်းပဲ အမျိုးသားပညာရေးဥပဒေမှာ ပုဒ်မ ၂(ဠ)မှာ တက္ကသိုလ်ကောင်စီ ဆိုသည်မှာ တက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ ၎င်းနှင့် အဆင့်တူညီသော ပုဂ္ဂိုလ်များ၊ မဟာဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာများက ရွေးချယ်သော

ကိုယ်စားလှယ်များ၊ ဒါသည် ဆရာသမဂ္ဂ၊ ဆရာအသင်း၊ ဆရာအဖွဲ့ချုပ်တွေကို ဆိုလိုတာဖြစ်ပါတယ်။ ကျောင်းသားများက ရွေးချယ်သော ကိုယ်စားလှယ်များဆိုတာလည်း ဒါ ကျောင်းသားသမဂ္ဂတွေရဲ့ ကိုယ်စားလှယ်ဖြစ်ပါတယ်။ အများယုံကြည်လေးစားတဲ့ ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များအပါအဝင် သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းအရ ဖွဲ့စည်းတဲ့ကောင်စီကို ဆိုသည်လို့ တက္ကသိုလ်ကောင်စီကိုလည်း ဒီအတိုင်းသတ်မှတ်ထားပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ လက်ရှိမှာ အမျိုးသားပညာရေးမူဝါဒကော်မရှင် (NEPC)က ၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှာ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၇ အရ သင့်တော်သော ကျွန်တော်တို့ ဒီ လွတ်လပ်စွာပါဝင် သင့်တော်သော ပညာရှင်များနဲ့ လွတ်လပ်တဲ့ ကော်မတီကို ဖွဲ့စည်းရမယ်လို့ပြောတဲ့အတွက် ပါမောက္ခချုပ်များ ကော်မတီကို ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ တက္ကသိုလ်များအနေနဲ့လည်း မိမိတက္ကသိုလ်ရဲ့ သဘောသဘာဝနှင့် ကိုက်ညီတဲ့ တက္ကသိုလ်ပဋိညာဉ်စာတမ်း University Charter တွေကိုလည်း ဒါ Stakeholders များရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ရေးဆွဲအတည်ပြုဖို့လိုအပ်ပါတယ်။ တက္ကသိုလ်တွေရဲ့ လွတ်လပ်တဲ့ သင်ကြားသင်ယူမှုနဲ့ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်မှုကို ထိခိုက်စေခြင်းမရှိဘဲ ပါမောက္ခချုပ်များကော်မတီက တက္ကသိုလ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်သွားရန် ကျွန်တော်တို့ အားပေးဆောင်ရွက်လျက်ရှိပါတယ်။ အခုဆိုလို့ရှိရင်တော့ ပါမောက္ခချုပ်များကော်မတီဟာ တက္ကသိုလ်တွေက ဒီဂရီကောလိပ်တွေ၊ ကောလိပ်တွေက ပါမောက္ခချုပ်တွေ၊ ကျောင်းအုပ်ကြီးတွေနဲ့ တွေ့ဆုံပြီးတော့မှ တက္ကသိုလ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ကျွန်တော်တို့ ဒါ အကောင်အထည်ဖော် ဆောင်ရွက်ဖို့လို့အတွက် ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုမျိုး တက္ကသိုလ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အရည်အသွေးမြင့်မားမှုကို ဆောင်ရွက်ဖို့ဆိုလို့ရှိရင်တော့ ပါမောက္ခချုပ်တွေ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ တို့ကို သူတို့တစ်တွေရဲ့ စီမံခန့်ခွဲမှုဟာ အရေးကြီးပါတယ်။

ဒါကြောင့်မို့လို့ ပြည်တွင်းပြည်ပမှာ ဖွင့်လှစ်နေတဲ့ စီမံခန့်ခွဲရေး မွမ်းမံသင်တန်းများဖြင့် ကောင်းမွန်သောစီမံခန့်ခွဲမှုဖြင့် အသုံးချ သုတေသနလုပ်ငန်းဆိုင်ရာများ အားပေးခြင်း၊ အသုံးချ သုတေသနလုပ်ငန်းဆိုတာသည် ဒေသခံပြည်သူတွေနဲ့ နိုင်ငံတော်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မယ့် သုတေသနလုပ်ငန်းကို ဆောင်ရွက်ပြီးတော့မှ သုတေသနလုပ်ငန်း ဆောင်ရွက်တာကနေရရှိလာတဲ့ သုတေသနရလဒ်ကနေ သုတေသနစာတမ်းဖတ်မယ်။ သုတေသနစာတမ်းဖတ်ပြီးတော့ သုတေသနပညာရှင်တွေနဲ့ ဆွေးနွေးညှိနှိုင်းမယ်။ ဆွေးနွေးညှိနှိုင်း အကြံပြုချက်တွေအရ ပြန်လည်ပြင်ဆင်ပြီးတော့မှ သုတေသနစာတမ်းကို ပြည်တွင်း၊ ပြည်ပသုတေသနဂျာနယ်တွေမှာ သုတေသနစာတမ်းရေးသားခြင်းဆိုင်ရာလုပ်ငန်းဖြစ်တဲ့ သုတေသန အသုံးချလုပ်ငန်းဆိုင်ရာ အားပေးခြင်း၊ စာသင်ခန်းအတွင်း များများဆွေးနွေးပြီး Deep Learning ရရှိစေဖို့လို့အတွက်ကိုတော့ ပညာရေးဝန်ကြီးဌာနက ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တွေမှာ ကျောင်းသားသမဂ္ဂ၊ ဆရာအသင်းအဖွဲ့ချုပ်သမဂ္ဂများ ဖွဲ့စည်းခြင်းကို ကျွန်တော်တို့ ဒါ အားပေးဆောင်ရွက်နေပါတယ်။ အားပေးဆောင်ရွက်နေသော်လည်းပဲ အမျိုးသားပညာရေးဥပဒေအရ ဒါသည် သက်ဆိုင်ရာတက္ကသိုလ်ရဲ့ တက္ကသိုလ်ပဋိညာဉ်စာတမ်းအရ ဖွဲ့စည်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ တက္ကသိုလ်တွေမှာ တက္ကသိုလ်ပဋိညာဉ်စာတမ်း University

Charter သည် မရှိသေးပါဘူး။ သို့သော် University Charter ပြုစုပြီးတော့မှ အတည်ပြုပြီးတဲ့ အချိန်မှာ တက္ကသိုလ်တွေအနေနဲ့ ဒီအလေ့အကျင့်ကို အားကောင်းစွာနဲ့ တက္ကသိုလ်တွေရဲ့ ဖွံ့ဖြိုး တိုးတက်ရေး၊ ကျောင်းသား၊ ကျောင်းသူတွေရဲ့ အနာဂတ်လှပရေး၊ တက္ကသိုလ်သည် နောင်ရာစုနှစ်ပေါင်း၊ နှစ်ထောင်ပေါင်းများစွာ တည်တံ့ခိုင်မြဲပြီးတော့မှ အရည်အသွေးပြည့်ဝတဲ့ တက္ကသိုလ်တွေဖြစ်ရေး အတွက်ကို ဒါ အားပေးမြှင့်တင် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဒီလိုသမဂ္ဂတွေ၊ အသင်းတွေ ဖွဲ့စည်းခြင်းကို ကျွန်တော်တို့ အားပေးဆောင်ရွက်နေပါတယ်။

အားပေးဆောင်ရွက်တဲ့အခါမှာတော့ ကျွန်တော်တို့ရဲ့ ဒါ စည်းမျဉ်း၊ စည်းကမ်းလေးကတော့ မဲမပေးမီတစ်ရက်တော့ ကျွန်တော်တို့ စည်းရုံးခွင့်ပေးတယ်။ လွတ်လပ်စွာ မဲပေးလို့ရတယ်။ ပါမောက္ခချုပ် တွေ၊ ကျောင်းမှာရှိတဲ့၊ တက္ကသိုလ်တွေမှာရှိတဲ့ တာဝန်ရှိသူတွေကို အကူအညီတောင်းရင် အကူအညီ ပေးလို့ရတယ်။ သို့သော် ပါမောက္ခချုပ်တွေ၊ ကျောင်းအုပ်ကြီးတွေနဲ့ တာဝန်ရှိသူတွေသည် ကျောင်းသား သမဂ္ဂတွေ၊ ဆရာသမဂ္ဂတွေနဲ့ စင်ပြိုင်အဖွဲ့တွေ ပေါ်လာစေဖို့လို့ မဟုတ်ဘဲနဲ့ ဒီအဖွဲ့တွေကို အားပေး ဆောင်ရွက်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ ဒီလိုဆောင်ရွက်နေပါတယ်။ ပြီးရင် ကျောင်းသားသမဂ္ဂဆရာ အသင်း၊ အဖွဲ့ချုပ်သမဂ္ဂတွေက ကိုယ်စားလှယ်နှစ်ဦးစီကို ကျွန်တော်တို့ တက္ကသိုလ်ပညာရေးအဖွဲ့ Senate အား စီမံခန့်ခွဲရေးအဖွဲ့ AB Members တွေတည်ဆောက်ရေးလုပ်ငန်း၊ ကြီးကြပ်ရေး၊ စစ်ဆေးရေးအဖွဲ့တွေမှာ ထည့်သွင်းဖွဲ့စည်းပြီး အစည်းအဝေးတွေမှာ တက်ရောက်ညှိနှိုင်း ဆွေးနွေးပြီး တော့မှ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ် တွေမှာ ဒါ အကြောင်းကြားပြီး ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

ဒါကြောင့်မို့လို့ တက္ကသိုလ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်တဲ့ ကျွန်တော်တို့ ဒါ ဘာသာရပ် ဆိုင်ရာဌာနတွေမှာလည်းပဲ ကျွန်တော်တို့ ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂ၊ ဆရာ၊ ဆရာမတွေကိုလည်းပဲ သူ့ရဲ့ ရာထူးအလိုက် နည်းပြ၊ သရုပ်ပြ၊ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ ကိုယ်စားလှယ်တွေနဲ့ ဒါတွေကို ပါဝင်ပြီးတော့မှ ကျွန်တော်တို့ ဒါ ဌာနရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေး ဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာတွေမှာ ထိရောက်ပွင့်လင်းမြင်သာစွာ ပူးပေါင်းဖို့လို့အတွက်ကို အားပေး ဆောင်ရွက်လျက်ရှိပါတယ်။ တက္ကသိုလ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်းပဲ ဖော်ပြပါအတိုင်း ကျွန်တော်တို့ ဒါ တက္ကသိုလ်တွေမှာ ကျွန်တော်တို့ တက္ကသိုလ်တွေ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမဆိုတာသည် ကိုယ့်တာဝန်ကျတဲ့ အချိန်၊ ကိုယ်ပညာသင်ယူနေတဲ့အချိန်ပဲ ကျွန်တော်တို့ လာရောက်ပြီးတော့မှ ပညာသင်ယူတယ်။ တာဝန် ထမ်းဆောင်ရတာ ဖြစ်ပါတယ်။ တက္ကသိုလ်ဆိုတာကတော့ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးကြီး ပါတယ်။ အားလုံးက တာဝန်ယူ၊ တာဝန်ခံပြီး ဆန်းသစ်တီထွင်နိုင်စွမ်းရှိတဲ့နည်းလမ်းတွေ အသုံးပြုပြီး အများကောင်းကျိုးအတွက် တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိလာစေဖို့ကို ကျွန်တော်တို့ အားပေးဆောင်ရွက်တာဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေ၊ ဝန်ထမ်းတွေရဲ့ ရာထူး ခန့်ထားခြင်း၊ ရာထူး တိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းတွေကိုလည်း သတ်မှတ်မှုတွေနဲ့ အရည်အချင်း သတ်မှတ်ချက်၊ လုပ်သက်၊ သုတေသနစာတမ်းရမှတ်၊ စာမေးပွဲရမှတ်အရ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေနှင့်အညီ စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနမှာ ဒီလိုဆောင်ရွက်နေသလို အမျိုးသားပညာရေးဥပဒေအရ အခြား အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များရှိတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာရှိတဲ့ တက္ကသိုလ်တွေ အနေနဲ့လည်း သက်ဆိုင်ရာ တက္ကသိုလ်များအလိုက် တက္ကသိုလ်ပညာရေးအဖွဲ့၊ တက္ကသိုလ်စီမံခန့်ခွဲရေး အဖွဲ့တွေ ဖွဲ့စည်းပြီး စီမံခန့်ခွဲရေးနဲ့ ပညာရေးဆိုင်ရာကိစ္စရပ်တွေမှာ ဆရာ၊ ဆရာမတွေ၊ ကျောင်းသား၊ ကျောင်းသူများ ယခင်ထက်တော့ ပိုမိုပူးပေါင်းဆောင်ရွက်လာကြတာကို ကျွန်တော်တို့ ဒါ တွေ့ရှိရပါတယ်။

ကျွန်တော်တို့ တက္ကသိုလ်တွေကို အမျိုးသားပညာရေးဥပဒေအရ လွတ်လပ်တဲ့ သင်ကြား၊ သင်ယူမှုနဲ့ လွတ်လပ်စွာ စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးနိုင်ဖို့လို့အတွက် တက္ကသိုလ်ကောင်စီဖွဲ့စည်းခြင်း၊ ကျောင်းတွင်းလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် ကျောင်းသားရေးရာကိစ္စများ ဆောင်ရွက်ခြင်း စသည်တို့ကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းပါ University Charter ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက် အားပေးမြှင့်တင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလိုမျိုး University Charter နဲ့အညီ ဆောင်ရွက်ဖို့ဆိုတာတော့ University Autonomy သည် ကျွန်တော်တို့ တစ်တွေရဲ့ တက္ကသိုလ်တွေပညာရေးစနစ်သည် ကျွန်တော်တို့ ဒါ ဩဂုတ်လ(၂၄)ရက်နေ့မှာ အဆင့်မြင့် ပညာ ဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲမှာလည်းပဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အဖွင့်မိန့်ခွန်းမှာ ပြောကြားသွားတဲ့အတိုင်းပဲ။ ပညာရေးစနစ်ဟာ နှစ်ပေါင်းများစွာ ကျွန်တော်တို့ အားနည်းခဲ့တာ ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒါ ဒီလိုမျိုး University Autonomy တွေနဲ့အညီ ဆောင်ရွက်ဖို့ ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ အခု University Autonomy လက်စွဲစာအုပ်သည် ဒီ ဆောင်ရွက်ဖို့လို့ အတွက် (၈)ခု ကျွန်တော်တို့ကို ထောက်ခံအကြံပြုထားပါတယ်။

အဲဒီ(၈)ခုမှာ ကျွန်တော်တို့ ပညာရေးသည် စီးပွားရေးနဲ့လည်း ကျွန်တော်တို့ ဒါ လိုက်လျော ညီထွေ မဖြစ်ပါဘူး။ ပြီးရင် ကျွန်တော်တို့ ပညာရေးမှာ၊ တက္ကသိုလ်တွေမှာ ဖွင့်နေတဲ့ Degree Program တွေဟာ ဆိုလို့ရှိရင်လည်းပဲ လက်တွေ့ အသုံးချလို့ရတဲ့ ဘွဲ့ရလူငယ်မောင်မယ်တွေကို Labour Market လိုအပ်ချက်အရ ဖြည့်ဆည်းဆောင်ရွက်တာ မဟုတ်ပါဘူး။ Curriculum And Syllabus ဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့ Up to date မဖြစ်ပါဘူး။ Rote Learning ကလည်း ကျွန်တော်တို့ ဒါ အားကောင်းနေတဲ့အတွက်ကြောင့်မို့လို့ Surface Learning ဖြစ်နေပါတယ်။ Deep Learning မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ကျောင်းသား၊ ကျောင်းသူရော၊ ဆရာ၊ ဆရာမရော အသုံးချ သုတေသနတွေကို လုပ်တဲ့အခါမှာ နိုင်ငံတကာနဲ့ မယှဉ်ပြိုင်နိုင်ပါဘူး။ ပြီးရင် အသုံးချသုတေသန လုပ်ငန်းတွေ ဆောင်ရွက်တာ အားနည်းတယ်။ အားနည်းနေတာကို ကျွန်တော်တို့ ဒါ ဆရာ၊ ဆရာမတွေ ကတော့ အခု အားတက်သရော ဒါ တိုးမြှင့်ပြီးတော့မှ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်တယ်။ သုတေသနစာတမ်းတွေကို ပြည်တွင်း၊ ပြည်ပ သုတေသနဂျာနယ်တွေမှာ အားကောင်းအောင် အားတက်သရော ဆောင်ရွက်လာတာကို တွေ့ရပါတယ်။

Quality Assurance ဆိုတာကိုလည်းပဲ Internal Quality Assurance ရော external Quality Assurance ကလည်း အခုမှ ကျွန်တော်တို့ NAQAC နဲ့ လုပ်ဦးမှာဖြစ်နေပါတယ်။ ပြီးရင် ကျောင်းတွေမှာလည်း ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ တင်ပြသွားတဲ့အတိုင်းပဲ Game

တွေ၊ Narcotic Drug တွေ၊ Fade Speed ပေါ့။ ဒါတွေကိုလည်းပဲ ဒီ Challenges တွေဟာလည်း တွေ့နေပါတယ်။ ပြီးရင်လည်း လိုအပ်ချက်အပေါ်မှာ မူတည်ပြီးတော့မှ ဆရာ၊ ဆရာမ ခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ တိုးမြှင့်ခြင်း။ ဒါပြီးရင် စာသင်ခန်း လိုအပ်ချက်တွေ၊ ပရိဘောဂ လိုအပ်ချက်တွေ၊ Library Facilities တွေ၊ Lab Equipment တွေ၊ အားကစားနှင့်ဆိုင်တာ၊ ယဉ်ကျေးမှုနဲ့ဆိုင်တာ၊ Wifi Facilities တွေ၊ တက္ကသိုလ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး ကျောင်းဆောင်တွေ၊ အိပ်ဆောင်တွေ ဒါတွေကို ကျွန်တော်တို့ ဖြည့်ဆည်းပေးဖို့ကလည်း အများကြီးလိုနေပါသေးတယ်။ ဒီလိုပဲ ကျောင်းသားဆိုင်ရာ ကိစ္စတွေ၊ ဆရာ၊ ဆရာမနဲ့ဆိုင်ရာကိစ္စတွေမှာလည်း လိုအပ်ချက်ထက် ဒီ Demands တွေဟာ များနေတဲ့အတွက် ကျွန်တော်တို့တစ်တွေရဲ့ Capacity ဟာ အင်မတန် နည်းနေတာဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကျွန်တော်တို့ ဒါတွေဟာဆိုလို့ရှိရင်လည်းပဲ အားပေးမြှင့်တင် ဆောင်ရွက်သွားရဦးမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတာကတော့ ဒီ ရေဆင်းမှာရှိတဲ့ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ တက္ကသိုလ်တွေမှာဆိုရင်တော့ ကမ္ဘာ့အဆင့်နဲ့ ပတ်သက်ပြီး ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ တက္ကသိုလ်အချို့ကို သုံးလေးခုလောက်ကို ကျွန်တော် (၃)ခုလောက်ကို (၄)ခုလောက်ကို ကျွန်တော် တင်ပြရလို့ရှိရင်တော့ ရန်ကုန်တက္ကသိုလ်သည် ၂၀၁၆ ခုနှစ်မှာ ကမ္ဘာ့အဆင့်(၁၃၀၇၂) ရှိပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ (၉၆၁၉)ရှိပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ (၈၂၇၀)ရှိလာပါတယ်။ မန္တလေး တက္ကသိုလ်သည် ကမ္ဘာ့အဆင့်မှာ ၂၀၁၆ ခုနှစ်တုန်းက (၂၀၇၀၁)ရှိပြီး ၂၀၁၇ ခုနှစ်မှာတော့ (၁၅၉၉၅) ရှိပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ (၁၂၆၈၂)ဖြစ်လာပါတယ်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ကမ္ဘာ့အဆင့်မှာ ၂၀၁၆ ခုနှစ်မှာတုန်းက (၁၄၃၀၂)ဖြစ်ပြီးတော့၊ ၂၀၁၇ ခုနှစ်မှာ (၁၂၇၂၆)ဖြစ်ပြီး၊ ၂၀၁၈ ခုနှစ်မှာတော့ (၁၄၀၆၀)ဖြစ်ပါတယ်။ ပြီးရင် ရန်ကုန်ဆေးတက္ကသိုလ်(၁)သည် ကမ္ဘာ့အဆင့်မှာ ၂၀၁၆ ခုနှစ်မှာတုန်းက (၂၄၀၆၅)ဖြစ်ပြီး ၂၀၁၇ ခုနှစ်မှာတော့ (၁၇၆၁၂)ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် မှာတော့ (၁၅၂၃၉)ဖြစ်တဲ့အတွက် ကျွန်တော်တို့တစ်တွေရဲ့ တက္ကသိုလ်တွေသည် ကမ္ဘာ့အဆင့် ဘယ်နေရာမှာ ရှိလဲဆိုတာသည် ဒါ အားလုံးကြည့်လိုက်လို့ရှိရင် သိမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ တက္ကသိုလ်တွေကို အရည်သွေးမြင့်မားရေးအတွက်ကတော့ အားလုံးက ဝိုင်းဝန်းပူးပေါင်း ဖြည့်ဆည်းပြီးတော့မှ ဆရာ၊ ဆရာမတွေကလည်း ကိုယ့်ရဲ့ ကိုယ်ပိုင် အရည်အချင်းမြင့်မားဖို့လို့အတွက် အခွင့်အလမ်းတွေကို အသုံးချပြီး ဘွဲ့ရလူငယ်မောင်မယ်တွေကို နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်တွေဖြစ်အောင် ကျွန်တော်တို့ ပြုစု ပျိုးထောင်ဖို့ဆိုတာတော့ ဒါ ရေတိုရေရှည် စီမံကိန်းလုပ်ငန်းတွေနဲ့ ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ဒါတွေကိုတော့ ကျွန်တော်တို့ အားလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လိုရင်းမေး။

**ဦးဒွေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ ကျွန်တော်တို့ ကျောင်းမြေ နေရာတစ်နေရာ ရရှိရေးအတွက် ပြည်ထောင်စု ပညာရေးဝန်ကြီးဌာနနဲ့ ပြည်ထောင်စု ကာကွယ်ရေး ဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ အဲဒီ အချင်းဖြစ်ရပ်ကွက်အတွင်းမှာရှိတဲ့ ခလရ-၅၀၄ ကနေ ရယူထားတဲ့ စားကျက်မြေ(၄၄)ဧကထဲကနေပြီးတော့ ကျောင်းမြေတစ်နေရာလောက်ကို ပေါင်းစပ် ညှိနှိုင်းပြီးတော့ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်ရော ဘယ်ကာလလောက်မှာ ရနိုင်မလဲဆိုတာလေး သိပါရစေခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ခုနတုန်းကလည်း ကျွန်တော်ဖြေကြားတဲ့အထဲမှာ ပါ ပါတယ်။ မြေနေရာရရှိရေး၊ ကျောင်း ဖွင့်လှစ်ရေး ရရှိဖို့ဆိုတာတော့ ဒေသခံပြည်သူတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့၊ ဝန်ကြီးဌာနတွေ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါကတော့ အပြန်အလှန် လုပ်ထုံးလုပ်နည်းနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒီဟာကို တော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပူးပေါင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ချင်းပြည်နယ်၊ ဖလမ်း - ရိဒ်လမ်းကို ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ဖလမ်း - ရိဒ်လမ်းကို ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ် လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဖလမ်း - ရိဒ်လမ်းဟာဆိုရင် နွေရာသီမှာ ဖုန်တလူးလူးထပြီးတော့ မိုးရာသီမှာ ဗွက်တွေထပြီးတော့ လမ်းချော်တဲ့အတွက်ကြောင့် ခရီးသွားရာတွင်လည်းကောင်း၊ ကုန်သွယ် မှုဆောင်ရွက်ရာတွင်လည်းကောင်း အဆင်မပြေ ဖြစ်နေရပါတယ်။ ဒီလမ်းဟာဆိုရင် မ.ဆ.လ ခေတ် တုန်းကတော့ ကျွန်တော်တို့ အိန္ဒိယနှင့် မြန်မာ ကုန်သွယ်တဲ့နေရာမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု ခဲ့တဲ့လမ်း ဖြစ်ခဲ့ဖူးပါတယ်။ အစိုးရအသစ်လက်ထက်မှာ နိုင်ငံတစ်ဝန်းမှာ ကျွန်တော်တို့ လမ်းများကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေတာနဲ့ တစ်ပြိုင်နက် ဒီလမ်းကိုလည်း မေ့မထားဘဲနဲ့ ဆောင်ရွက်ပေးစေချင်ပါတယ်။ ကျွန်တော် ဒီလို အဆင့်မြှင့်တင်ပေးမယ်ဆိုရင် ကျွန်တော်တို့ ခရီးသွား လုပ်ငန်းအတွက်သော်လည်းကောင်း၊ ကုန်သွယ်ရေးလုပ်ငန်းအတွက်သော်လည်းကောင်း၊ လူမှုရေး အဝဝမှာ များစွာ အဆင်ပြေလာမှာဖြစ်ပါတယ်။

အလျဉ်းသင့်လို့ တင်ပြမယ်ဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အရင်လဝန်းကျင်မှာပေါ့နော်။ အိန္ဒိယ-မြန်မာနဲ့ ကျွန်တော်တို့ နှစ်နိုင်ငံနယ်စပ် ရိဒ်မှာ Entry and Exit လုပ်နိုင်ဖို့ပေါ့နော်။ သဘောတူပြီးတော့ ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော် ဒါကတော့ အစိုးရသစ်ရဲ့ အောင်မြင်မှုသမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တာနဲ့တစ်ပြိုင်နက် ကျွန်တော်တို့ ဒါကို ပံ့ပိုးဖို့ဆိုရင် လမ်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ အခုကျွန်တော် ရိဒ် - တီးတိန် - ကလေးကိုတော့ အိန္ဒိယကနေလုပ်မယ်လို့ကြားပါတယ်။ လမ်းအူကြောင်းလည်း ရှာပြီးပြီလို့ ကြားပါတယ်။ သို့သော် ဒီဘက်ခြမ်းပေါ့။ ကျွန်တော်တို့ ရိဒ် - ဖလမ်း- ဟားခါးဘက်နဲ့ ဒီမြေပြန့်ဘက်ကို ဆက်သွယ်ဖို့ဆိုရင်လည်း ဒီဘက်လမ်းကိုလည်း လိုပါတယ်။ နှစ်ဖက်ပေါ့နော်။ လုပ်ပေး။ ကျွန်တော်တို့ ဒီလမ်းကိုတော့ တစ်ဖက်ကို အိန္ဒိယက လုပ်မှာဖြစ်တဲ့အတွက် ဒီလမ်းကို ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကပဲ လုပ်ပေးစေချင်ပါတယ်။ အဲဒါကြောင့် ဒီလိုမျိုးလုပ်ပေးနိုင်မယ်ဆိုရင် ခရီးသွားလုပ်ငန်းသော်လည်းကောင်း၊ ကုန်သွယ်ရေးလုပ်ငန်းသော်လည်းကောင်း၊ လူမှုရေးအဝဝပေါ့နော်။ အားလုံး ချင်းပြည်နယ် တစ်ပြည်နယ်လုံးအတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက်သော်လည်းကောင်း များစွာ အထောက်အကူပြုလာမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီလမ်းကို အဆင့်မြှင့်တင်ပေးပြီးတော့ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းနဲ့ ဒါ ဆောင်ရွက်ပေးနိုင်ရန် ရှိ/မရှိ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၁၄။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မှ မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ဖလမ်း - ရိဒ်လမ်းကို ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖလမ်း - ရိဒ်လမ်းသည် (၆၄)မိုင် (၂)ဖာလုံ ရှည်လျားပြီး ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်း၏ ၃၁-၃-၂၀၁၈ ရက်နေ့ရှိ လမ်း၏နောက်ဆုံးအခြေအနေမှာ ကတ္တရာလမ်းအဆင့် (၇)မိုင် (၃)ဖာလုံ၊ ကျောက်လမ်းအဆင့် (၅၅)မိုင် (၇)ဖာလုံနှင့် မြေလမ်းအဆင့်(၁)မိုင်တို့ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ

စက်တင်ဘာလအထိ (၆)လရန်ပုံငွေတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ်(၆၈၇.၅၁၄)သန်းဖြင့် ကွန်ကရစ်လမ်း(၁)ဖာလုံခင်းခြင်း၊ Guard Rail (၂)မိုင် (၃)ဖာလုံ ကာရံခြင်း၊ သံကူကွန်ကရစ် ရေထုတ်ပြွန်(၅)စင်း ဆောက်လုပ်ခြင်း၊ သံကူကွန်ကရစ်ပိုက် ရေထုတ်ပြွန်(၃၄)လုံး ပြုလုပ်ခြင်း၊ Short Wall နှင့်တွဲလျက် Precast Drain (၃၂၈)ပေအရှည် ပြုလုပ်ခြင်း၊ ကျောက်စီ မြေထိန်းနံရံနှင့်တွဲလျက် သံကူကွန်ကရစ် ရေထုတ်ပြွန်(၁)စင်း ပြုလုပ်ခြင်း၊ ရေမြောင်း(၂၄၇၃)ပေအရှည် တူးဖော်ခြင်း၊ ကျောက်စီ မြေထိန်းနံရံ(၁၅၁)ပေ (၁)ခု တည်ဆောက်ခြင်း၊ မိုးဒဏ်တောင်ပြိုမြေ ဖယ်ရှားခြင်းနှင့် သာမန် ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း(၂)မိုင် (၇)ဖာလုံ ခင်းခြင်း၊ ကျောက်လမ်း (၁)မိုင် ခင်းခြင်း၊ ကွန်ကရစ်လမ်း(၅)ဖာလုံ ခင်းခြင်း၊ ကတ္တရာ ထပ်ပိုးလွှာ (၁)မိုင် (၂)ဖာလုံ ခင်းခြင်း၊ သံကူကွန်ကရစ်တံတား(၁)စင်း တည်ဆောက်ခြင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း စသည့်လုပ်ငန်း များ ဆောင်ရွက်ရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် (၁၅၉၇.၅၁၉) သန်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်(၂၆၅.၄၅၉)သန်း စုစုပေါင်း (၁၈၆၂.၉၇၈)သန်းအား ထည့်သွင်းလျာထား တောင်းခံထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျန်ရှိနေသော လမ်းပိုင်းများအနက် ဆက်လက် အဆင့်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေးအတွက် နှစ်အလိုက် ရန်ပုံငွေများ တင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၆ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၆။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ ၁၈-၁-၂၀၁၈ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆို တင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၁၅-၂-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာပေနှင့်အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၇ - ၉ - ၂၀၁၈ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က တံတားကြီးများဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဗိုလ်မှူးချုပ်တင့်လွင် (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**တံတားကြီးများ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈- ၅၂၉

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၂၁-၈-၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ၃၁-၈-၂၀၁၈ ရက်နေ့တွင် အကြံပြု ဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမျိုးသားလွှတ်တော်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၄-၉-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တံတားကြီးများ ဥပဒေကြမ်းကို ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ အကြံပြုချက်များအပေါ် အခြေခံ၍ အဓိပ္ပာယ် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂၊ အပိုဒ်ခွဲ(တ)တွင် ဖော်ပြထားသော စကားရပ်များအစား တံတားကြီးနယ်နိမိတ် ဆိုသည်မှာ တံတားကြီးအသစ် တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူ သိသာမြင်သာသည့်နေရာတွင် ထင်ရှားသည့်အမှတ်အသားတစ်ခုခု စိုက်ထူ၍ သတ်မှတ်ထားသည့် ကုန်းနယ်နိမိတ်နှင့် ရေနယ်နိမိတ် အပိုင်းအခြားတို့ကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ်ရှင်းလင်းမှုရှိစေရန်အတွက် အပိုဒ် ၆၊ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော စကားရပ်များအစား တံတားကြီးနယ်နိမိတ်ကို အများပြည်သူ သိသာမြင်သာသော နေရာတွင် အမှတ်အသားတစ်ခုခုဖြင့် အခိုင်အမာစိုက်ထူခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ 　　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ ယခုထပ်မံတင်ပြထားသည့် ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တံတားကြီးများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ 　　။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တံတားကြီးများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြား တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ 　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များ ဖြစ်တဲ့ ဥပဒေကြမ်းရဲ့-

အပိုဒ် ၂ (ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ဍ)(တ)(ထ)(ဓ)(န)၊ အပိုဒ် ၃ (က)(ဃ) ပြင်ဆင် ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ 　　။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ဍ)(တ)(ထ)(ဓ)(န)၊ အပိုဒ် ၃(က)(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ -

အခန်း(၃) ရဲ့အခန်းခေါင်းစဉ်၊ အပိုဒ် ၄ ရဲ့ခြေဆင်း၊ အပိုဒ် ၄(ခ)(င)(စ)(ဇ)(ည)၊ အပိုဒ် ၅ ရဲ့ခြေဆင်း၊ အပိုဒ် ၅ ရဲ့(က)(ခ)(ဂ)၊ အပိုဒ် ၅(င)ရဲ့ခြေဆင်း၊ အပိုဒ် ၅(င) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၅(ဇ) ပြင်ဆင်ဖြည့်စွက်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင် ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃) အခန်းခေါင်းစဉ်၊ အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄(ခ)(င)(စ)(ဇ)(ည)၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၅(က)(ခ)(ဂ)၊ အပိုဒ် ၅(င) ခြေဆင်း၊ အပိုဒ် ၅ (င) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၅(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အခန်း(၄)ရဲ့ အခန်းခေါင်းစဉ်၊ အပိုဒ် ၆ ရဲ့ခြေဆင်း၊ အပိုဒ် ၆(က)(ခ)(င)(စ)(ဆ)(ဇ)(ဠ)(ဋ)(ဍ)(ပ)၊ အပိုဒ် ၇ ရဲ့ ခြေဆင်း၊ အပိုဒ် ၇(ဃ)၊ အပိုဒ် ၈ (က)(င) ပြင်ဆင်ဖြည့်စွက်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆(က)(ခ)(င)(စ)(ဆ)(ဇ)(ဠ) မှ (ပ) အထိ၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇(ဃ)၊ အပိုဒ် ၈(က)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၉ ရဲ့ခြေဆင်း၊ အပိုဒ် ၉(ဂ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁(က)(ခ)(င)(ဠ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ (က)(ခ)(ဂ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ ပြင်ဆင် ဖြည့်စွက်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေး နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉(ဂ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁(က)(ခ)(င)(ဠ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(က)(ခ)(ဂ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၈၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(က)(ခ)(ဂ) ပြင်ဆင် ဖြည့်စွက်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင် ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂ (က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပြု ဥပဒေကြမ်းရဲ့-

အပိုဒ် ၂(ဆ) နဲ့ အပိုဒ် ၂၁ တို့ကိုတော့ လိုအပ်ခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်က ပယ်ဖျက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ အမျိုးသားလွှတ်တော်ကြီးကနေပြီးတော့ ပြင်ဆင်ချက်များနဲ့ အတည်ပြုလိုက်တဲ့ အပိုဒ်၊ အပိုဒ်ခွဲများမှအပဖြစ်တဲ့ ကျန် အဆိုပြု ပြဋ္ဌာန်းချက်များကိုတော့ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်းပဲ လွှတ်တော်မှ ဆက်လက် အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည် ဖြစ်သည်။

**ဥက္ကဋ္ဌ။** ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

**ဥက္ကဋ္ဌ**။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တံတားကြီးများ ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ တံတားကြီးများ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၆။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစည်းအဝေးမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တင်သွင်းခဲ့တဲ့ တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြု ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသဖြင့် တံတားကြီးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၇။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက တံတားကြီးများ ဥပဒေကြမ်းကို အတည်ပြုပေးရန် အဆို တင်သွင်းခြင်းနှင့် ပတ်သက်၍ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမြမင်းဆွေ က ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တံတားကြီးများ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ တံတားကြီးများ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် တံတားကြီးများ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် တင်သွင်း မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် တင်သွင်း မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၉။**

**ဦးသိမ်းဆွေ (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် ကော်မတီ၏ ကွင်းဆင်းစိစစ်ခဲ့သည့် စိစစ်တွေ့ရှိချက်များ၊ သုံးသပ်အကြံပြုချက်များကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်း မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့်အစီရင်ခံစာ

**နိဒါန်း**

၁။ အမျိုးသားလွှတ်တော်၏ အမြဲတမ်းကော်မတီတစ်ရပ်ဖြစ်သော အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၉၆ နှင့် ၉၇ တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်း အဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပြန်လည်ဖြေကြားချက်များ အပေါ် အာမခံချက်၊ ကတိပြုချက်များကိုစိစစ်၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ အရ အမျိုးသားလွှတ်တော်သို့ အစီရင်ခံစာပြုစု၍ တင်သွင်းခြင်းနှင့် ၈-၅-၂၀၁၈ ရက်နေ့မှ

၁၇-၅-၂၀၁၈ ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီးသို့လည်းကောင်း၊ ၆-၇-၂၀၁၈ ရက်နေ့မှ ၁၁-၇-၂၀၁၈ ရက်နေ့အထိ ကယားပြည်နယ်သို့လည်းကောင်း ကွင်းဆင်းစိစစ်တွေ့ရှိချက်များကို လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များအရ ကတိဖြစ်ပေါ်ခဲ့မှုအခြေအနေများကို နဝမပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာတင်ပြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆို၊ မေးခွန်းများအပေါ် အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုပြီးစီးခြင်းရှိ/မရှိနှင့် မြေပြင်တွင် အမှန်တကယ်ဖြစ်ပေါ်နေသော လုပ်ငန်းများနှင့် ကတိကဝတ်ပြုစဉ်ပေးခဲ့သော လုပ်ငန်းရပ်များ၊ အရည်အသွေး စံချိန်စံညွှန်းများ ပြည့်မီခြင်း ရှိ/မရှိတို့ကို ကော်မတီမှ ကွင်းဆင်းစိစစ်တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် ပြန်လည်တွေ့ဆုံ၍ပေါင်းစပ်ညှိနှိုင်းပြီး အကြံဉာဏ်များပေးနိုင်ရန် ဖြစ်ပါတယ်။

**ကော်မတီ၏ ဆောင်ရွက်ချက်များ**

၃။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၈၆)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၁၂၄)ခု၊ စုစုပေါင်း(၂၁၁)ခု တင်သွင်းမေးမြန်းခဲ့ပါသည်။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ကတိဖြစ်ပေါ်မှုစိစစ်နိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင်များကို အောက်ဖော်ပြပါအဖွဲ့(၆)ဖွဲ့ခွဲ၍ ဝန်ကြီးဌာနများအလိုက် စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများကို ဖြန့်ဝေထားတဲ့ စာမျက်နှာ ၂ နဲ့ ၃ မှာ ပါရှိပါတယ်။ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ဖတ်ကြားတင်သွင်းခြင်းမပြုတော့ပါဘူး။

| စဉ် | အဖွဲ့/ ကော်မတီဝင်များ | ပြည်ထောင်စုအဆင့် အဖွဲ့အစည်း/ဝန်ကြီးဌာနများ |
|---|---|---|
| ၁။ | <u>အဖွဲ့ (၁)</u><br>ဦးမင်းဆွေနိုင်<br>ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း | (၁) ပြန်ကြားရေးဝန်ကြီးဌာန<br>(၂) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန<br>(၃) စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန<br>(၄) ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>(၅) အမျိုးသားလွှတ်တော် |

| | | |
|---|---|---|
| ၂။ | <u>အဖွဲ့ (၂)</u><br>ဦးစောချစ်ဦး<br>ဒေါ်ခင်ဆွေလွင် | (၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန<br>(၂) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန<br>(၃) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန<br>(၄) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်<br>(၅) နေပြည်တော်ကောင်စီ/စည်ပင် |
| ၃။ | <u>အဖွဲ့ (၃)</u><br>ဦးဝင်းအောင်<br>ဦးအောင်ဝင်း | (၁) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန<br>(၂) စက်မှုဝန်ကြီးဌာန<br>(၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန<br>(၄) ပညာရေးဝန်ကြီးဌာန<br>(၅) ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၄။ | <u>အဖွဲ့ (၄)</u><br>ဒေါက်တာမိုးမြင့်အောင်<br>ဦးပြုံးလွင် | (၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန<br>(၂) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန<br>(၃) ဆောက်လုပ်ရေးဝန်ကြီးဌာန<br>(၄) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး<br>(၅) မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၅။ | <u>အဖွဲ့ (၅)</u><br>ဦးကျော်မြင့်ဦး<br>ဦးလှမြင့်(ခ)ဦးလှမြင့်သန်း | (၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန<br>(၂) ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန<br>(၃) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန<br>(၄) ပြည်ထောင်စုရာထူးဝန်အဖွဲ့<br>(၅) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ |
| ၆။ | <u>အဖွဲ့ (၆)</u><br>ဦးခင်မောင်လတ်<br>ဗိုလ်မှူးချုပ်တင်ဆွေ | (၁) နိုင်ငံတော်အတိုင်ပင်ခံရုံး<br>(၂) သမ္မတရုံးဝန်ကြီးဌာန<br>(၃) နိုင်ငံခြားရေးဝန်ကြီးဌာန<br>(၄) ပြည်ထဲရေးဝန်ကြီးဌာန |

| | | |
|---|---|---|
| | | (၅) ကာကွယ်ရေးဝန်ကြီးဌာန<br>(၆) နယ်စပ်ရေးရာဝန်ကြီးဌာန<br>(၇) အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန<br>(၈) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန |

၄။ ကော်မတီသည် ၁၃-၈-၂၀၁၈ ရက်နေ့နှင့် ၁၄-၈-၂၀၁၈ ရက်နေ့များတွင် ကော်မတီဝင်များနှင့် အစည်းအဝေးပြုလုပ်၍ အဖွဲ့(၆)ဖွဲ့ဖွဲ့စည်းကာ ဆွေးနွေးစိစစ်ခဲ့ပါသည်။ ကော်မတီ၏ စိစစ်ချက်အရ ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်ပတ်သက်၍ ၆-၆-၂၀၁၈ ရက်နေ့နှင့် ၇-၆-၂၀၁၈ ရက်နေ့များတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ထပ်မံဆွေးနွေး အတည်ပြုနိုင်ခဲ့ပါသည်။

၅။ ကော်မတီနှင့်သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၏အစည်းအဝေး အတည်ပြုချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကတိဖြစ်ပေါ်ခဲ့သည့် အတည်ပြုအဆို(၁)ခုအား စိစစ်တွေ့ရှိရပြီး နောက်ဆက်တွဲ(က)ဖြင့်ဖော်ပြအပ်ပါသည်။

၆။ ကော်မတီနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ အစည်းအဝေး အတည်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း(၈၆)ခုအနက် မေးခွန်း(၅၄)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ မေးခွန်း(၃၂)ခုမှာ ကတိဖြစ်ပေါ်မှုမရှိကြောင်း အောက်ပါအတိုင်းစိစစ်တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်တော်ကြီးများကို ဖြန့်ဝေထားတဲ့ စာမျက်နှာ ၄ မှာ ဇယားနဲ့ ဖော်ပြထားပါတယ်။ Power Point နဲ့ လည်း ကျွန်တော်တို့ ဒီမှာ ကျွန်တော်တို့ ရှင်းလင်းဖော်ပြထားပါတယ်။

| စဉ် | ဝန်ကြီးဌာန | ကြယ်ပွင့်ပြ မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၂ | ၁ | ၁ | |
| ၂ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ၁ | - | ၁ | |
| ၃ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁ | ၁ | - | |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန | ၄ | ၁ | ၃ | |
| ၅ | ကာကွယ်ရေးဝန်ကြီးဌာန | ၂ | - | ၂ | |
| ၆ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၅ | ၄ | ၁ | |
| ၇ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | - | ၁ | |

| စဉ် | ဝန်ကြီးဌာန | ကြယ်ပွင့်ပြ မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၈ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၀ | ၅ | ၅ | |
| ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၉ | ၅ | ၄ | |
| ၁၀ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၂ | ၂ | - | |
| ၁၁ | စက်မှုဝန်ကြီးဌာန | ၁ | - | ၁ | |
| ၁၂ | ပညာရေးဝန်ကြီးဌာန | ၁၂ | ၆ | ၆ | |
| ၁၃ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၈ | ၇ | ၁ | |
| ၁၄ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၃ | ၁ | ၂ | |
| ၁၅ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၄ | ၁၀ | ၄ | |
| ၁၆ | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ၁၁ | ၁၁ | - | |
| | **စုစုပေါင်း** | **၈၆** | **၅၄** | **၃၂** | |

၇။ အာမခံချက်၊ ကတိနှင့်တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်ကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြအပ်ပါတယ်။

၈။ ကော်မတီနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေး အတည်ပြုချက်အရ ကြယ်ပွင့်မပြမေးခွန်း(၁၂၄)ခုအနက် မေးခွန်း(၈၇)ခု ကတိဖြစ်ပေါ်ခဲ့ပြီး၊ မေးခွန်း(၃၇)ခု ကတိဖြစ်ပေါ်မှုမရှိကြောင်း အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်တော်ကြီးများကို ဖြန့်ဝေထားတဲ့ စာမျက်နှာ ၅ မှာ ဇယားနဲ့ ကျွန်တော်တို့ ဖော်ပြထားပါတယ်။

| စဉ် | ဝန်ကြီးဌာန | ကြယ်ပွင့်မပြ မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၂ | ၁ | ၁ | |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | ၃ | ၁ | ၂ | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | ၁ | - | ၁ | |
| ၄ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၁၁ | ၅ | ၆ | |

| စဥ် | ဝန်ကြီးဌာန | ကြယ်ပွင့်မပြ မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၅ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန | ၄ | ၃ | ၁ | |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန | ၃ | - | ၃ | |
| ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၅ | ၃ | ၂ | |
| ၈ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၂ | - | ၂ | |
| ၉ | ပညာရေးဝန်ကြီးဌာန | ၃၈ | ၃၃ | ၅ | |
| ၁၀ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၁၁ | ၉ | ၂ | |
| ၁၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၂ | ၁ | ၁ | |
| ၁၂ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂၀ | ၁၅ | ၅ | |
| ၁၃ | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ၂၂ | ၁၆ | ၆ | |
| | **စုစုပေါင်း** | **၁၂၄** | **၈၇** | **၃၇** | |

၉။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သော ကြယ်ပွင့်မပြမေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်ကို နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြအပ်ပါတယ်။

၁၀။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန် အစည်းအဝေးအထိ အစည်းအဝေး(၈)ကြိမ်အတွင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့်မေးခွန်းများအနက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာန များနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အလိုက် ကတိဖြစ်ပေါ်ခဲ့မှုပေါင်းမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများကို ဖြန့်ဝေထားတဲ့ စာမျက်နှာ ၅ နဲ့ ၆ မှာ ဇယားနဲ့ ဖော်ပြထား ပါတယ်။

| စဉ် | ဒုတိယအကြိမ် ပုံမှန်အစည်းအဝေး | ကြယ်ပွင့်ပြ မေးခွန်း | | | ကြယ်ပွင့်မပြ မေးခွန်း | | | အဆို | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကတိဖြစ် | ကတိမဖြစ် | ပေါင်း | ကတိဖြစ် | ကတိမဖြစ် | ပေါင်း | အတည်ပြု | အတည်မပြု | ပေါင်း | |
| ၁ | ပထမပုံမှန် | ၂၃ | ၁၀ | ၃၃ | ၁၄ | ၁၂ | ၂၆ | - | ၁ | ၁ | |
| ၂ | ဒုတိယပုံမှန် | ၈၈ | ၅၉ | ၁၄၇ | ၃၄ | ၃၈ | ၇၂ | ၁ | ၂ | ၃ | |
| ၃ | တတိယပုံမှန် | ၅၄ | ၅၀ | ၁၀၄ | ၃၂ | ၃၀ | ၆၂ | - | - | - | |
| ၄ | စတုတ္ထပုံမှန် | ၅၀ | ၄၀ | ၉၀ | ၇၆ | ၅၄ | ၁၃၀ | ၁ | - | ၁ | |
| ၅ | ပဉ္စမပုံမှန် | ၁၄၇ | ၈၈ | ၂၃၅ | ၁၁၉ | ၉၀ | ၂၀၉ | ၄ | ၁ | ၅ | |
| ၆ | ဆဋ္ဌမပုံမှန် | ၃၆ | ၃၂ | ၆၈ | ၂၉ | ၂၇ | ၅၆ | ၁ | - | ၁ | |
| ၇ | သတ္တမပုံမှန် | ၆၁ | ၄၅ | ၁၀၆ | ၁၁၂ | ၇၂ | ၁၈၄ | ၁ | - | ၁ | |
| ၈ | အဋ္ဌမပုံမှန် | ၅၄ | ၃၂ | ၈၆ | ၈၇ | ၃၇ | ၁၂၄ | ၁ | - | ၁ | |
| | **စုစုပေါင်း** | **၅၁၃** | **၃၅၆** | **၈၆၉** | **၅၀၃** | **၃၆၀** | **၈၆၃** | **၉** | **၄** | **၁၃** | |

၁၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်ခဲ့သည့် အဆိုများ၊ မေးခွန်းများမှ လုပ်ငန်းများဆောင်ရွက်ပြီးစီး၍ ကတိကဝတ်စာရင်းမှ အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၈၀)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၆၃)ခု ပေါင်း(၁၄၄)ခုတို့အား အောက်ပါအတိုင်း ပယ်ဖျက်နိုင်ခဲ့ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများကို ဖြန့်ဝေထားတဲ့ စာမျက်နှာ ၆၊ ၇၊ ၈ မှာ ဇယားနဲ့တကွ ရှင်းလင်းစွာ ကျွန်တော်တို့ ဖော်ပြထားပါတယ်။ Slide နဲ့လည်း ကျွန်တော်တို့ ဒီမှာ တင်ပြပေးထားပါတယ်။

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန် မှ သတ္တမပုံမှန် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မေးခွန်း | | | | | | အဆို | | |
| | | ကြယ်ပြ | | | ကြယ်မပြ | | | | | |
| | | ကတိဖြစ် | ပြီး | ဆဲ | ကတိဖြစ် | ပြီး | ဆဲ | အတည်ပြု | ပြီး | ဆဲ |
| ၁ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၁ | - | **၁** | - | - | **-** | - | - | **-** |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | ၂၁ | ၂ | **၁၉** | ၁၉ | ၁ | **၁၈** | ၃ | ၁ | **၂** |

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန် မှ သတ္တမပုံမှန် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မေးခွန်း | | | | | | အဆို | | |
| | | ကြယ်ပြ | | | ကြယ်မပြ | | | | | |
| | | စုစုပေါင်း | ပြီး | ဆဲ | စုစုပေါင်း | ပြီး | ဆဲ | [illegible] | ပြီး | ဆဲ |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | ၁ | - | **၁** | ၃ | ၁ | **၂** | - | - | **-** |
| ၄ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၁၇ | ၄ | **၁၃** | ၁၅ | ၂ | **၁၃** | - | - | **-** |
| ၅ | ပြန်ကြားရေးဝန်ကြီးဌာန | ၂ | - | **၂** | ၃ | - | **၃** | - | - | **-** |
| ၆ | သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန | ၁ | - | **၁** | ၁ | - | **၁** | - | - | **-** |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၅၄ | ၁၉ | **၃၅** | ၂၆ | ၅ | **၂၁** | ၃ | - | **၃** |
| ၈ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | ၂၉ | ၈ | **၂၁** | ၁၀ | ၂ | **၈** | | | |
| ၉ | သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၂၇ | ၁ | **၂၆** | ၁၁ | ၂ | **၉** | ၁ | - | **၁** |
| ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန | ၃၇ | ၆ | **၃၁** | ၂၀ | ၂ | **၁၈** | - | - | **-** |
| ၁၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာန | ၁၀ | ၄ | **၆** | ၄ | - | **၄** | - | - | **-** |
| ၁၂ | စက်မှုဝန်ကြီးဌာန | ၄ | ၁ | **၃** | ၁ | - | **၁** | - | - | **-** |
| ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန | ၄ | - | **၄** | ၂ | - | **၂** | - | - | **-** |
| ၁၄ | ပညာရေးဝန်ကြီးဌာန | ၅၆ | ၈ | **၄၈** | ၁၁၇ | ၁၄ | **၁၀၃** | - | - | **-** |
| ၁၅ | ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန | ၅၅ | ၇ | **၄၈** | ၆၅ | ၁၅ | **၅၀** | ၁ | - | **၁** |
| ၁၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၅ | - | **၅** | ၂ | - | **၂** | - | - | **-** |

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန် မှ သတ္တမပုံမှန် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မေးခွန်း | | | | | | အဆို | | |
| | | ကြယ်ပြ | | | ကြယ်မပြ | | | | | |
| | | ကတိဖြစ် | ပြီး | ဆဲ | ကတိဖြစ် | ပြီး | ဆဲ | အတည်ပြု | ပြီး | ဆဲ |
| ၁၇ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇၀ | ၃ | ၆၇ | ၂၉ | ၄ | ၂၅ | - | - | - |
| ၁၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန | ၁၄ | ၇ | ၇ | ၃ | ၂ | ၁ | - | - | - |
| ၁၉ | ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန | ၂ | - | ၂ | - | - | - | - | - | - |
| ၂၀ | တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန | ၃ | ၁ | ၂ | - | - | - | - | - | - |
| ၂၁ | ပြည်ထောင်စုတရား လွှတ်တော်ချုပ် | ၂ | - | ၂ | - | - | - | - | - | - |
| ၂၂ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် | ၃ | ၁ | ၂ | ၁ | - | ၁ | - | - | - |
| ၂၃ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁ | - | ၁ | - | - | - | - | - | - |
| ၂၄ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁ | - | ၁ | - | - | - | - | - | - |
| ၂၅ | နေပြည်တော်ကောင်စီ | ၂ | - | ၂ | - | - | - | - | - | - |
| ၂၆ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂ | - | ၂ | - | - | - | - | - | - |
| ၂၇ | ကချင်ပြည်နယ်အစိုးရအဖွဲ့ | ၁ | - | ၁ | ၃ | - | ၃ | - | - | - |
| ၂၈ | ကယားပြည်နယ်အစိုးရအဖွဲ့ | ၃ | - | ၃ | ၃ | - | ၃ | - | - | - |
| ၂၉ | ကရင်ပြည်နယ်အစိုးရအဖွဲ့ | - | - | - | ၃ | - | ၃ | - | - | - |
| ၃၀ | ချင်းပြည်နယ်အစိုးရအဖွဲ့ | ၄ | - | ၄ | ၈ | - | ၈ | - | - | - |
| ၃၁ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ | ၂ | - | ၂ | ၇ | ၂ | ၅ | - | - | - |
| ၃၂ | တနင်္သာရီတိုင်းဒေသကြီးအစိုးရ အဖွဲ့ | ၁ | ၁ | - | ၃ | ၂ | ၁ | - | - | - |

| စဉ် | ဝန်ကြီးဌာန | ပထမပုံမှန် မှ သတ္တမပုံမှန် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မေးခွန်း | | | | | | အဆို | | |
| | | ကြယ်ပြ | | | ကြယ်မပြ | | | | | |
| | | ကတိဖြစ် | ပြီး | ဆဲ | ကတိဖြစ် | ပြီး | ဆဲ | အတည်ပြု | ပြီး | ဆဲ |
| ၃၃ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁ | - | **၁** | - | - | **-** | - | - | **-** |
| ၃၄ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၅ | ၁ | **၄** | ၉ | ၂ | **၇** | - | - | **-** |
| ၃၅ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | - | - | **-** | ၁ | - | **၁** | - | - | **-** |
| ၃၆ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ၂ | ၁ | **၁** | ၁၁ | - | **၁၁** | - | - | **-** |
| ၃၇ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ၁၀ | ၄ | **၆** | ၂၀ | ၆ | **၁၄** | - | - | **-** |
| ၃၈ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၄ | ၁ | **၃** | ၃ | - | **၃** | - | - | **-** |
| ၃၉ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ၂ | - | **၂** | ၄ | - | **၄** | - | - | **-** |
| ၄၀ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | - | - | **-** | ၉ | ၁ | **၈** | - | - | **-** |
| | **စုစုပေါင်း** | ၄၅၉ | ၈၀ | **၃၇၉** | ၄၁၆ | ၆၃ | ၃၅၃ | ၈ | ၁ | **၇** |

၁၂။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီအနေဖြင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးအတွင်း ကတိဖြစ်ပေါ်ခဲ့သောမေးခွန်းများနှင့်စပ်လျဉ်း၍ ၈-၅-၂၀၁၈ ရက်နေ့မှ ၁၇-၅-၂၀၁၈ ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ အောက်ဖော်ပြပါ ကော်မတီဝင် (၈)ဦးဖြင့် ကွင်းဆင်းစိစစ်လေ့လာခဲ့ပါတယ်။ စာမျက်နှာ ၈ မှာ ကျွန်တော်တို့ ဖော်ပြထားပါတယ်။

| | | | |
|---|---|---|---|
| (က) | ဦးသိမ်းဆွေ | ဧရာဝတီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၀) | ဥက္ကဋ္ဌ<br>အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါ်ခင်ဆွေလွင် | ချင်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၉) | အဖွဲ့ဝင် |
| (ဂ) | ဦးဝင်းအောင် | စစ်ကိုင်းတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဃ) | ဦးအောင်ဝင်း | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| ( င ) | ဦးပြုံးလွင် | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | အဖွဲ့ဝင် |
| ( စ ) | ဦးကျော်မြင့်ဦး | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) | အဖွဲ့ဝင် |
| (ဆ) | ဗိုလ်မှူးချုပ်တင်ဆွေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဇ ) | ဦးကျော်နီနိုင် | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | အတွင်းရေးမှူး |

၁၃။　　တနင်္သာရီတိုင်းဒေသကြီးရှိ အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို ၁၈-၆-၂၀၁၈ ရက်နေ့၌ ပြုလုပ်သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။ စိစစ်တင်ပြရန် ကျန်ရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

၁၄။　　တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း တင်သွင်းသည့် မြန်မာနိုင်ငံ၏ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့်ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊ မြန်မာ့ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ငါးချ ဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ်ကြပ်မတ်စစ်ဆေးမှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံမဲ(၁၁၉)မဲ၊ ကန့်ကွက်မဲ(၃၀)မဲ၊ ကြားနေမဲ(၅)မဲဖြင့် လွှတ်တော်တွင်အတည်ပြုခဲ့ပါသည်။

## ၁၂-၅-၂၀၁၈ ရက်နေ့ ကွင်းဆင်းစစ်ဆေးခြင်း

၁၅။　　တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်ရှိ မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းတွင် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တွေ့ဆုံညှိနှိုင်းပြီး၊ မြေပြင်တွင် ကွင်းဆင်းဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ပါသည်။

၁၆။　　ကော်မတီသည် ၁၂-၅-၂၀၁၈ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်သို့ ရောက်ရှိပြီး၊ မြေပြင်ကွင်းဆင်းဆောင်ရွက်မှုများကို ပြုလုပ်ခြင်း၊ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရုံးခန်း (I-20)တွင် အဆိုနှင့် စပ်လျဉ်းသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကြားနာခြင်းများကို (၆)ကြိမ် ပြုလုပ်ခဲ့ပါသည်။

**ကော်မတီ၏စိစစ်တွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက်များ**

၁၇။ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်များ၊ သုံးသပ်အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **စိစစ်တွေ့ရှိချက်**

(၁) တနင်္သာရီတိုင်းဒေသကြီးသည် ဧရိယာ(၄၄၃၄၄၉) စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီးလူဦးရေ(၁၂)သိန်းခန့်မှီတင်းနေထိုင်ကြောင်း၊ ကျွန်းပေါင်း(၈၀၀) ကျော်ခန့်ရှိပြီး ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြကြောင်း စိစစ်တွေ့ရှိရပါသည်။

(၂) ပင်လယ်ကမ်းရိုးတန်းအရှည် (၂၈၃၂) ကီလိုမီတာနှင့် ကမ္ဘာ့ရေသယံဇာတ ပိုင်ဆိုင်မှုအဆင့် (၁၄)မှာရှိပြီး ကမ္ဘာ့အသန့်ရှင်းဆုံးကမ်းရိုးတန်း(၁၀)ခုတွင် ပါဝင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(၃) ငါးမျိုးစိတ်များစွာရှိပြီး သုတေသနမပြုရသေးသော ငါးမျိုးစိတ်များလည်း ရှိခြင်း၊ တစ်နိုင်ငံလုံး၏ ပင်လယ်ထွက်စားနပ်ရိက္ခာနှင့် ပြည်ပရေထွက် ပို့ကုန်အတွက် အဓိကအားထားရသော ဒေသလည်းဖြစ်ခြင်း၊ နောင်လာမည့် ကာလများတွင် နိုင်ငံအတွက် အခွန်ဘဏ္ဍာနှင့် ဝင်ငွေအမြောက်အများ ရှာဖွေပေးနိုင်မည့် ဒေသလည်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(၄) တနင်္သာရီတိုင်းဒေသကြီး၊ ရေလုပ်ငန်းစီးပွားနယ်ပယ်တစ်ခုလုံးတွင် အဓိက ကျသည့် ထိခိုက်နစ်နာဆုံးရှုံးမှု(၃)ခုကို အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်ပါသည်-

(ကက) (Maximum Sustainable Yield – MSY) ပမာဏထက် ပင်လယ်ရေထွက် သယံဇာတများစွာ ပိုမိုသည့်ပမာဏကို အထိန်း အကွပ်မဲ့စွာ အလွန်အကျွံဖမ်းဆီးထုတ်လုပ်နေခြင်းကြောင့် သဘာဝ သယံဇာတများ ဆုံးရှုံးနေခြင်းအပြင် ပျောက်ကွယ် ပျက်သုဉ်းမည့် အခြေအနေသို့ ဦးတည်နေခြင်း။

(ခခ) အလွန်အကျွံထုတ်ယူနေသောရေထွက်သယံဇာတများသည် တရား မဝင်သော Export တင်ပို့မှုများကြောင့် နိုင်ငံတော်၏အကျိုးစီးပွား များစွာ ဆုံးရှုံးနစ်နာနေခြင်း။

(ဂဂ) ရေထွက်သယံဇာတများကို အထိန်းအကွပ်မရှိ အလွန်အကျွံထုတ်ယူ သုံးစွဲနေကြခြင်းကြောင့် ဒီရေတောနှင့် ပင်လယ်ကြမ်းပြင်ရှိ သန္တာ ကျောက်တန်းများအပါအဝင် အခြားသော သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာ ဆုံးရှုံးမှုများ ဖြစ်နေခြင်း။

(ဃဃ) အထက်ဖော်ပြပါ ထိခိုက်နစ်နာဆုံးရှုံးမှု(၃)ခုအနက် ရေထွက်ပစ္စည်းများကို MSY ပမာဏထက်ပိုမို၍ အလွန်အကျွံထုတ်ယူနေကြခြင်းနှင့် ထုတ်ယူရရှိသည့် ရေထွက်ပစ္စည်းများကို တရားမဝင်သော Export တင်ပို့မှုများရှိနေခြင်းဟူသည့် အချက်(၂)ချက်ကို တစ်နေရာတည်းမှ လုပ်နည်း စနစ်တစ်ခုတည်းဖြင့် တစ်ချိန်တည်းစနစ်တကျ ထိန်းချုပ်မှုပြုနိုင်ရန်အတွက် တစ်ခုတည်းသော စီမံခန့်ခွဲမှုနည်းလမ်းများမှာ ငါးလေလံဈေး/ ငါးတင်ငါးချ ဆိပ်ကမ်းကို စနစ်တကျ တည်ဆောက် လည်ပတ်စေခြင်းသာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(၅) ထိုသို့စနစ်တကျ ထိန်းကျောင်းနိုင်ရေးအတွက် ငါးလေလံဈေး/ ငါးတင်ငါးချ ဆိပ်ကမ်းစနစ်ကို ဖော်ဆောင်ကျင့်သုံးမည်ဆိုပါက အိမ်နီးချင်းနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာဒေသများတွင် လက်ရှိဆောင်ရွက်အောင်မြင်နေသည့်ပုံစံမှာ တစ်နေရာတည်းတွင် လုပ်ငန်းအားလုံး ပြီးစီးအောင် စစ်ဆေးထိန်းကျောင်းနိုင်ရေးအတွက် ကျယ်ဝန်းသော နယ်မြေဒေသတစ်ခုအတွင်း ငါးလေလံဈေး/ ငါးတင် ငါးချဆိပ်ကမ်းကို ခွင့်ပြုသတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဥပမာ-ထိုင်းနိုင်ငံတွင် မဟာချိုင် ငါးလေလံဈေး/ငါးတင်ငါးချ ဆိပ်ကမ်းတစ်ခုသာရှိပါသည်။ ကော့သောင်း တစ်ဖက်ကမ်းရှိ ရနောင်းတွင်ရှိသော ငါး လက်ခံရာဌာနများသည် ငါးလေလံဈေးသဖွယ်ဖြစ်သော်လည်း ထိုင်းနိုင်ငံအနေဖြင့် ငါးလေလံဈေးဟု သတ်မှတ်ထားခြင်းမရှိဘဲ မြန်မာနိုင်ငံဘက်မှ ခိုးယူရရှိသော ငါး၊ ပုစွန်များကို လက်ခံရာ ဂိုဒေါင်ဈေးများအဖြစ်သာ သတ်မှတ်ထားရှိပါသည်။ သို့ဖြစ်၍ ရနောင်းတွင် စုဆောင်းရရှိထားသော ငါးများကို မဟာချိုင် ငါးလေလံဈေးသို့ ဝင်ရောက် အစစ်ဆေးခံပြီးမှသာ အလိုရှိရာ အအေးခန်းစက်ရုံများသို့ ဆက်လက်သယ်ဆောင်ခွင့် ရှိပါသည်။ တနင်္သာရီတိုင်းဒေသကြီး အတွင်း၌လည်း အချက်အချာကျရာ မြိတ်မြို့တစ်ခုတည်း၌သာ ငါးလေလံဈေး/ ငါးတင်ငါးချ ဆိပ်ကမ်းကို ထားရှိသင့်ကြောင်း တွေ့ရှိရပါသည်။ သို့မှသာ အဆိုပါ ငါးလေလံဈေး/ ငါးတင်ငါးချ ဆိပ်ကမ်းနေရာကို CheckPoint အဖြစ် အသုံးပြုပြီး စစ်ဆေးရေးလုပ်ငန်းများကို (One Stop Service—OSS) စနစ်ကျင့်သုံး၍ စစ်ဆေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ရေထွက်ပစ္စည်း ပြည်ပပို့ကုန်မှ ရရှိသောဝင်ငွေများကို နှိုင်းယှဉ်ရာ ထိုင်းနိုင်ငံသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဒေါ်လာသန်း (၇၅၀၀)၊ ဗီယက်နမ်နိုင်ငံသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဒေါ်လာသန်း (၇၁၀၀)၊ မြန်မာနိုင်ငံသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဒေါ်လာသန်း (၆၀၅.၈၂)သာ ရှိသဖြင့် အာဆီယံနိုင်ငံများတွင် ဒုတိယ ကမ်းရိုးတန်း အရှည်ဆုံးဖြစ်သော

မြန်မာနိုင်ငံထက် ကမ်းရိုးတန်းတိုသော ထိုင်းနိုင်ငံက (၁၀)ဆ သာနေကြောင်း စိစစ်တွေ့ရှိရပါသည်။

(၆) **အခွန်လျော့နည်းရခြင်းနှင့် ငါးသယံဇာတ ပြုန်းတီးရခြင်း၏ အကြောင်းအရင်းများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းစိစစ်တွေ့ရှိရပါသည် -**

(ကက) ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ စည်းကမ်းလိုက်နာမှုမရှိဘဲ ငါးသယံဇာတဖမ်းဆီးခြင်းနှင့် ငါးဖမ်းစက်လှေများ ပုံစံတူနံပါတ်တူများ ပွားပြီး ဖမ်းဆီးခြင်း။

(ခခ) ပြည်ပနိုင်ငံများမှလည်း တရားမဝင်ဖမ်းဆီးမှုရှိနိုင်ခြင်း။

(ဂဂ) တစ်ဖက်နိုင်ငံ၏ ဝယ်လိုအားနှင့် ဈေးနှုန်းကို ယှဉ်ပြိုင်နိုင်သော ရေလုပ်ငန်းရှင်များက ယုံကြည်အားထားရသော နိုင်ငံတကာအဆင့်မီ ငါးဈေးကွက်ရှိရန်လိုအပ်ခြင်းနှင့် ငါးလေးလံဈေး/ငါးတင်ငါးချဆိပ်ကမ်းကြီးရှိရန် လိုအပ်ခြင်း။

(ဃဃ) ပြည်ပသို့ တရားမဝင် ရေထွက်ပစ္စည်းများ တင်ပို့ပြီးအပြန်တွင် ဘိလပ်မြေ၊ အရက်၊ အိမ်ဆောက်ပစ္စည်းနှင့် အခြားပစ္စည်းမျိုးစုံ ပြန်လည်တင်သွင်းရာ၌ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အမှန်မရရှိခြင်း။

(ငင) မြန်မာနိုင်ငံမှ ငါးသယ်ရေယာဉ်များ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရာတွင် တင်ပို့ရေယာဉ်အမည်၊ ငါးအမျိုးအစား၊ ကုန်ချိန်အရေအတွက် တန်ဘိုးအမှန် စာရင်းရရှိရန် လစဉ်သတင်း အချက်အလက်များ ဖလှယ်နိုင်ရေး နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ခြင်း။

(စစ) ကမ်းဝေးငါးဖမ်းလှေများ၏ တစ်နှစ်ဖမ်းဆီးမှုကုန်ချိန်ကို ကန့်သတ်သင့်ပြီး ကန့်သတ်ပမာဏပြည့်မီပါက ငါးဖမ်းခွင့်ရပ်နားရန် လိုအပ်ခြင်း။

(ဆဆ) ထိုင်း၊ ဗီယက်နမ်နိုင်ငံများ၏ ပြည်ပသို့ ရေထွက်ပို့ကုန်မြင့်မားနေခြင်းမှာ ပင်လယ်ပြင်ဖမ်းဆီးရေးထက် မွေးမြူရေးကို အလေးထားဆောင်ရွက်နေခြင်း၊ တန်းဘိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲပြီး ပြည်ပသို့ တင်ပို့နိုင်ခြင်းနှင့် မွေးမြူရေးသုတေသနနှင့် ငါးသားပေါက်စခန်းများ မြောက်မြားစွာ ရှိနေခြင်း။

(ဇဇ) ကမ်းဝေးငါးဖမ်းလှေများသည် မြန်မာနိုင်ငံသား အမည်ခံပြီး နိုင်ငံခြားသားပိုင်များ ဖြစ်နေခြင်း ရှိ/မရှိကို စိစစ်ရန်လိုအပ်ခြင်း။

(ဈဈ) ရေထွက်ပစ္စည်းများကို စစ်ဆေးရာတွင် အမှန်တကယ်ဆိပ်ကမ်းတင်/ချစစ်ဆေးခြင်း မဟုတ်ဘဲ ငါးဖမ်းလှေတာဝန်ခံမှပေးသော

စာရင်း ဇယားများကိုသာ စစ်ဆေးလက်မှတ်ထိုးပြီး Catch Certificates ထုတ်ပေးနေခြင်း။

(ညည) နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ငါးအမျိုးအစားကုန်ချိန်များကို မျက်မြင် စစ်ဆေးခြင်းမဟုတ်ဘဲ စာရင်းဇယားများအပေါ် အခြေခံ၍ ကောက်ခံသောကြောင့် အခွန်အခများစွာ နစ်နာဆုံးရှုံးခြင်း။

(ဋဋ) မြိတ်ခရိုင်အတွင်း ကမ်းဝေးငါးဖမ်းရေယာဉ်(၁၁၈၀)စီးခန့် ရှိသည့်အတွက် ရာသီမရွေး အချိန်မရွေး ဝင်ရောက်ဆိုက်ကပ်နိုင်သော၊ ရေထွက်ပစ္စည်းများ တင်ချရောင်းဝယ်ပြုလုပ်နိုင်သည့် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး၊ ငါးတင်/ချ ဆိပ်ကမ်းများ မဖြစ်မနေ လိုအပ်လျက်ရှိခြင်း။

(ဌဌ) ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်တွင်းရေကြောင်းဦးစီးဌာန၊ ကုမ္ပဏီများ အပြန်အလှန်ချိတ်ဆက်မှု အားနည်းခြင်း။

(ဍဍ) ငါးဖမ်းလှေများတွင် VMS စနစ်တပ်ဆင်ရန် အရေးတကြီး အလျင်အမြန်လိုအပ်နေခြင်း။

(ဎဎ) Catch Certificates ကို ကြိုတင်လျှောက်ထားမှုနှင့် ကြိုတင်ထုတ်ပေးခြင်းများကို သက်ဆိုင်ရာဌာနမှ ပြန်လည်သုံးသပ်ရန် လိုအပ်ခြင်း။

(ဏဏ) ရေလုပ်ငန်းတွင် တရားမဝင်ရင်းနှီးမြှုပ်နှံမှုများအား ဥပဒေနှင့်အညီ စိစစ်ရန် လိုအပ်ခြင်း။

(တတ) နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသော FOB စနစ် ကျင့်သုံးရန်နှင့် နယ်စပ်ဂိတ်များကို အထူးကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ခြင်း။

**( ၇ ) MFIJV အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာအဆင့်မီ ငါးလေလံဈေး၊ ငါးတင်/ငါးချ ဆိပ်ကမ်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းစိစစ်တွေ့ရှိရပါသည် -**

(ကက) တနင်္သာရီမြစ်နှင့် ယောကြီးဝချောင်း ဆုံရာတွင်တည်ရှိပြီး လုပ်ငန်းစတင်ခဲ့ချိန်က လှေများ(၂၄)နာရီ ဝင်/ထွက် ဆိုက်ကပ်နိုင်သော်လည်း ယခုအချိန်တွင် ရေပြည့်ချိန်မှသာ ငါးဖမ်းလှေများဝင်ရောက်ဆိုက်ကပ်နိုင်သော တံတားဖြစ်နေခြင်းကြောင့် သောင်တူးရန် လိုအပ်နေကြောင်း စိစစ်တွေ့ရှိရပါသည်။

(ခခ) ဆိပ်ခံတံတားတိုသဖြင့် ငါးဖမ်းရေယာဉ်အမြောက်အမြား ဝင်ရောက်ဆိုက်ကပ်နိုင်မှုမရှိသဖြင့်တိုးချဲ့ရန်လိုအပ်ကြောင်းစိစစ်တွေ့ရှိရပါသည်။

(ဂဂ) ငါးဖမ်းရေယာဉ်များအတွက် လိုအပ်သော ရိက္ခာ၊ ရေခဲ၊ စက်သုံးဆီများ ဖြည့်ဆည်းပေးနိုင်မှု မရှိခြင်း။

(ဃဃ) ရွေးချယ်ဝယ်ယူပြီးသော ရေထွက်ကုန်ပစ္စည်းများ သိုလှောင်ထိန်းသိမ်းရန် တန်(၄၀၀) အအေးခန်းစက်ရုံ (၁)ရုံသာ ရှိနေခြင်း။

(ငင) အထက်ပါအချက်များကို ပြုပြင်ရန်ပြည်ပ ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာသန်း(၂၀)ရရှိရေးကို အစိုးရထံသို့ အဆင့်ဆင့် တင်ပြခဲ့ရာ (၂)နှစ်ကြာသည်အထိ ဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်ကူညီမှု နှောင့်နှေးနေခြင်း။

(စစ) MFIJV အပြည့်ပြည်ဆိုင်ရာ အဆင့်မီငါးလေလံဈေး/ငါးတင်ငါးချဆိပ်ကမ်းလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ၂၉-၉-၂၀၀၀ ရက်စွဲပါခွင့်ပြုမိန့်အမှတ်(၃၄၈/၂၀၀၀)ဖြင့် ငါးလုပ်ငန်း ဦးစီးဌာန၊ ပြင်သစ်နိုင်ငံ Setraco International Ltd၊ မြန်မာနိုင်ငံသားပိုင် O.E.M(Myanmar)Co.Ltd တို့ ပူးပေါင်း၍ အများနှင့်မသက်ဆိုင်သော ဖက်စပ်ကုမ္ပဏီအဖြစ် ကုမ္ပဏီမှတ်ပုံတင်အမှတ် 2JV/2000-2001စာချုပ်သက်တမ်း ၂၃-၁၀-၂၀၀၀ မှ ၂၂-၁၀-၂၀၂၅ (၂၅)နှစ်ဖြင့်အမေရိကန်ဒေါ်လာသန်း (၇၀)ရင်းနှီးမြှုပ်နှံရန် တရားဝင် ခွင့်ပြုချက်ရရှိထားသော လုပ်ငန်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဆဆ) MFIJVအနေဖြင့် ၇-၇-၂၀၀၀ ခုနှစ်တွင် လုပ်ငန်းများစတင် လုပ်ကိုင်ရာ အောင်မြင်မှုများရရှိဆဲတွင် ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်ပြဿနာကြောင့် ၂၀-၂-၂၀၀၃ ရက်စွဲပါရုံးတွင်းစာအရ ၁-၃-၂၀၀၃ ရက်နေ့မှစ၍ ကုန်သွယ်မှုလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဇဇ) လုပ်ငန်းပြန်လည်စတင်ရန် ပြည်တွင်းဘဏ်များမှ ချေးငွေဖြင့် ၂၆-၂-၂၀၀၄ ရက်နေ့မှ ယနေ့တိုင် ငါးဖမ်းရေယာဉ်(၅)စီးဖြင့် ငါးဖမ်းလုပ်ငန်းနှင့် ဝယ်/ရောင်း လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဈဈ) ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပါတီ(A)က MFIJV ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းပေးပါရန် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ တင်ပြ စွဲဆိုခဲ့သော်လည်း ၁၆-၅-၂၀၁၇ ရက်နေ့တွင် လျှောက်ထားချက်ကိုပလပ်ကြောင်း၊ ထုံးပုံကျ အပြီးသတ်အမိန့် ချမှတ်ခဲ့ကြောင်း၊ MFIJV ကုမ္ပဏီက ၂၇-၅-၂၀၁၆ ရက်နေ့

ဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်အရ လုပ်ငန်းများ အရှိန်အဟုန် မပျက် ဆက်လက်လုပ်ကိုင်ရန်၊ လုပ်ငန်းတိုးချဲ့ရန်၊ ကုမ္ပဏီတွင် တင်ရှိသည့်ကြွေးမြီများ အားလုံးပေးဆပ်ရန် အမေရိကန်ဒေါ်လာ သန်း(၂၀)ထပ်မံရင်းနှီးမြှုပ်နှံခွင့်ပြုရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့တင်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ညည)　၂၆-၄-၂၀၁၈ ရက်နေ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ရုံးအမှတ်(၃၆)တွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် MFIJV တို့ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ပြုလုပ်ပြီး ထပ်မံရင်းနှီးမြှုပ်နှံ မည့် အမေရိကန်ဒေါ်လာသန်း(၂၀)ကို စီးပွားရေးရာကော်မတီ၏ ခွင့်ပြုချက် ရရှိပါက MFIJV Ltd မှ တင်ရှိနေသော ပြည်တွင်း ပြည်ပချေးငွေများအားလုံးပြန်ဆပ်ရန်၊ Setraco International Ltd (SIL) ပါတီ(B)က ငါးလုပ်ငန်းဦးစီးဌာန၊ ပါတီ(A)အပေါ် စိုက်ထုတ် ထည့်ဝင်ထားသည့်ငွေအပေါ် အတိုးနှင့်တကွ ရလို ကြောင်း စွဲဆိုထားသောအမှုအား ရုပ်သိမ်းပေးရန်၊ ပါတီ(A)မှ ပါတီ(B)သို့ ပေးရန်ရှိသောအတိုးအရင်းများကိုလည်း ပါတီ (B)မှ ပြန်လည်တောင်းခံခြင်းမပြုဘဲ လျှော်ပေးရန်တို့ကို သဘောတူ စာချုပ် ချုပ်ဆိုထားပြီးကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဋဋ)　မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၃-၈-၂၀၁၈ ရက်စွဲပါ စာအမှတ်-မယက-၉/န-ထွေ/၂၀၁၈ (၄၀၉၀)ဖြင့် ဖက်စပ်ကုမ္ပဏီ၏ မတည်ရင်းနှီးငွေပမာဏ တိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လုပ်ထုံး လုပ်နည်းများနှင့်အညီ ကော်မရှင်သို့ တင်ပြပေးရန် ဝန်ကြီးဌာနသို့ အကြောင်းကြားစာထုတ်ထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်(MIC)မှ တာဝန်ရှိသူ၏တင်ပြချက်အရ စိစစ်တွေ့ရှိရ ပါသည်။

(ဌဌ)　MFIJV လက်ရှိ ငါးလေလံဈေး၊ ငါးတင်/ငါးချဆိပ်ကမ်း လုပ်ငန်း များကို ၁-၁၀-၂၀၀၁ တွင် MIC ခွင့်ပြုချက်ဖြင့် ငါးလုပ်ငန်းဦးစီး ဌာနနှင့်ဖက်စပ်စတင် ဆောင်ရွက်ခဲ့ပြီး ၂၈-၂-၂၀၀၃ တွင် ထိုင်း - မြန်မာ နယ်စပ်ပြဿနာကြောင့် ယာယီပိတ်သိမ်းထားခဲ့ရပြီး လုပ်ငန်းအချို့သာ ဆက်လက်ဆောင်ရွက်နေခြင်း။

(ဍဍ)　MIC မှ ဒေါ်လာသန်း(၇၀)အထိ ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုချက်ရရှိပြီး ယနေ့ထိ ဒေါ်လာ(၁၀)သန်း ရင်းနှီးမြှုပ်နှံပြီးဖြစ်သော်လည်း ထပ်မံရင်းနှီးမြှုပ်နှံရန် ဒေါ်လာသန်း(၂၀) ခွင့်ပြုချက်ရရှိနိုင်ရေး

(၂)နှစ်ကျော်ကြာမြင့်နေခြင်း၊ မြိတ်ဒေသရှိ MIC ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသော လက်ရှိ ငါးလေလံဈေး၊ ငါးတင်/ငါးချ ဆိပ်ကမ်းတွင် ရေထွက်ပစ္စည်း အားလုံးနီးပါး ရောင်းချမှုမရှိဘဲ ထိုင်းနိုင်ငံသို့ တရားမဝင် တင်ပို့ရောင်းချခြင်းများရှိနေခြင်းကို စိစစ်တွေ့ရှိရပါသည်။

(ဂ) **ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ကိုယ်ပိုင်လုပ်ငန်းသုံး တံတား(ပထော်ပထက်ကျွန်း)ကို ကွင်းဆင်းစိစစ်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါ အတိုင်း စိစစ်တွေ့ရှိရပါသည် -**

(ကက) ပထော်ပထက်ကျွန်း ဆိပ်ခံတံတားမြေနေရာအတွက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့် ချုပ်ဆိုခဲ့သည့် မြေငှားရမ်းစာချုပ်တွင် အခြား မည်သည့်စီးပွားရေးလုပ်ငန်းများအတွက်မျှ အသုံးမပြုရန်၊ အခြား ကိစ္စရပ်များအတွက်အသုံးပြုခြင်း၊ အခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ သို့လည်း အသုံးပြုခွင့်ပေးခြင်း၊ လွှဲပြောင်းပေးခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲမှုပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခြင်းမပြုရန် တားမြစ် ကန့်သတ်ထားကြောင်း စိစစ်တွေ့ရှိရပါသည်။

(ခခ) ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ဆောင်ရွက် မည့်နေရာ(ပထော်ပထက်ကျွန်း)သည် ရေအောက်မြေလုံလောက်မှု မရှိ ခြင်း၊ ငါးရောင်းချသည့်နေရာ လိုအပ်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံ မှုကော်မရှင်၏ ခွင့်ပြုချက် လိုအပ်ခြင်းတို့ကြောင့် ငါးလေလံဈေး/ ငါးတင်ငါးချဆိပ်ကမ်း တည်ဆောက်ခြင်းကို ခွင့်ပြုထားခြင်း မရှိ ကြောင်းနှင့် လက်ရှိ ပြည့်ဖြိုးထွန်းက တည်ဆောက်နေဆဲ ကွန်ကရစ် တံတားသည် ကိုယ်ပိုင်လုပ်ငန်းသုံးတံတားသာဖြစ်ကြောင်း ဒုတိယ အကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် တိုင်းဒေသကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားထားသည်ကို စိစစ်တွေ့ရှိရပါသည်။

(ဂဂ) ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ဆောင်ရွက် ရမည့်နေရာ(ပထော်ပထက်ကျွန်း)သည် MIC က ခွင့်ပြုချက်ပေး ထားခြင်းမရှိဘဲ မိမိသဘောဖြင့် ကြိုတင်တည်ဆောက်ထားကြောင်း နှင့် ယခု (၈၅)%ခန့် ပြီးစီးမှသာ MIC သို့ တင်ပြလာခြင်းဖြစ် သည့်အပြင် ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုချက်များ မရရှိသေးကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဧ) **ငါးလုပ်ငန်းဦးစီးဌာန၏ ဆွေးနွေးတင်ပြချက်များအရ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည် -**

(ကက) ပြည်ပတင်ပို့မည့် ငါးသယ်ရေယာဉ်များအား စစ်ဆေးရာတွင် တစ်စီးလုံး ဖွင့်ဖောက်စစ်ဆေးပါက ငါးများ လတ်ဆတ်မှုအတွက် ပြန်လည်ဖြည့်တင်းရန် ပေါင်(၃၀၀) ရေခဲတုံး ၃၀၀/၄၀၀ ခန့် လိုအပ်ခြင်း။

(ခခ) ဖွင့်ဖောက်စစ်ဆေးရန် နေရာအခက်အခဲရှိခြင်း။

(ဂဂ) Jetty များတွင်ကပ်၍ စစ်ဆေးမည်ဆိုပါက Jetty ပေါ်တွင် လုပ်ငန်းဆောင်ရွက်ရန် အလုပ်သမားအခက်အခဲရှိခြင်း။

(ဃဃ) ပြည်ပတင်ပို့သည့်ငါးသယ်လှေတစ်စီးလုံး ဖွင့်ဖောက်စစ်ဆေးပါက (၅)နာရီမှ (၇)နာရီအထိ ကြာမြင့်နိုင်သည့်အတွက် ရေထွက်ကုန်ပစ္စည်းများအရည်အသွေး ကျနိုင်ခြင်းစသည်တို့ကြောင့် အမှီအခိုကင်းသော နိုင်ငံတော်ပိုင် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး/ငါးတင်ငါးချဆိပ်ကမ်း တည်ဆောက်ရန် လိုအပ်ကြောင်း ဆွေးနွေးတင်ပြထားကြောင်း စိစစ်တွေ့ရှိရပါသည်။

(ခ) **သုံးသပ်အကြံပြုချက်**

(၁) မြန်မာ့ပင်လယ်ပြင်နှင့်ကမ်းရိုးတန်းကျွန်းများ၊ ရေသယံဇာတ၊ ငါးသယံဇာတများမပြုန်းတီးရေးအတွက် ခေတ်ကာလနှင့်လျော်ညီသော ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများပြုလုပ်သင့်ကြောင်း သုံးသပ်အကြံပြုပါသည်။

(၂) တရားမဝင်ငါးဖမ်းလုပ်ငန်းများ တားဆီးကာကွယ် တိုက်ဖျက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ EU နည်းပညာကူညီထောက်ပံ့မှုဖြင့် ရေးဆွဲထားသည့် အမျိုးသား ငါးလုပ်ငန်းစီမံချက် (NOPA) တွင် မြန်မာနိုင်ငံမှ ဆောင်ရွက်ရန် လိုအပ်သည့်အချက် (၁၂၂)ချက်ကို အချိန်မီထိရောက်စွာ အကောင်အထည်ဖော်သင့်ကြောင်း သုံးသပ်အကြံပြုပါသည်။

(၃) ပင်လယ်ပြင်ငါး၊ ပုစွန် ဖမ်းဆီးရန် ခွင့်ပြုထားသော ငါးဖမ်းရေယာဉ်များအနက်မှ (Maximum Sustainable Yield - MSY) အရ ဖမ်းဆီးခွင့်ပြုသင့်သည့် ငါးဖမ်းရေယာဉ်စီးရေ (၈၈၀)ထက်ပိုမိုနေသော ငါးဖမ်းရေယာဉ်များကို စိစစ်၍ တဖြည်းဖြည်း လျှော့ချသွားခြင်းဖြင့် ထိုင်းနိုင်ငံကဲ့သို့ တနင်္သာရီ၏ ရေထွက်သယံဇာတများ၊ ရေသယံဇာတများ ပျက်သုဉ်းပျောက်ကွယ်မည့် အန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သုံးသပ်အကြံပြုပါသည်။

(၄) ငါးဖမ်းခွင့်ပြုကာလကိုလျှော့ချခြင်း၊ ငါးမဖမ်းရရာသီ (Close Season) တွင် ငါးဖမ်းခွင့်မပြုခြင်းဖြင့် ငါး၊ ပုစွန်ပေါက်ဖွားမှုနှုန်းကို မြင့်မားလာစေနိုင်သဖြင့် MSY နှုန်း ပြန်လည်မြင့်မားလာနိုင်ပါမည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

(၅) တရားမဝင်သော ငါးဖမ်းနည်းစနစ်များကို ထိန်းချုပ်ပေးခြင်းဖြင့်လည်းကောင်း၊ ငါးအမှုန့်ကြိတ်စက်ရုံများတွင် ထင်းအစားထိုးလောင်စာများ ပြောင်းလဲအသုံးပြုခြင်းစနစ်ဖြင့်လည်းကောင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း သုံးသပ်အကြံပြုပါသည်။

(၆) ငါးလေလံဈေး၊ ငါးတင်/ငါးချဆိပ်ကမ်းသို့ ဝင်ရောက်စစ်ဆေးမှု ခံယူစေခြင်းဖြင့် ငါးဖမ်းရေယာဉ်များ ပင်လယ်ပြင်တွင် ဖမ်းဆီးရမိသည့် ငါး၊ ပုစွန်များ၏ အမျိုးအစား၊ အရည်အသွေးနှင့် အလေးချိန်ပမာဏများအတိုင်း Invoice ဖွင့်နိုင်မည်ဖြစ်ရာ တရားမဝင်သော Export တင်ပို့ခြင်းများကို ထိန်းကျောင်းမှုပြုနိုင်မည်ဖြစ်ကြောင်း သုံးသပ်အကြံပြုပါသည်။

(၇) ငါးသယ်/ငါးကဲ့လှေစနစ်(Sea Transhipment)စနစ်ကို ရပ်ဆိုင်းလိုက်ခြင်းဖြင့် ငါးဖမ်းလှေများ Check Point သို့မဝင်ဘဲ တရားမဝင်သော Export တင်ပို့မှုများကို ကာကွယ်တားဆီးမှုပြုနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

(၈) မိမိနိုင်ငံအတွင်း၌ ငါးလေလံဈေး၊ ငါးတင်/ငါးချဆိပ်ကမ်း ထားရှိနိုင်ခြင်းဖြင့် မိမိနိုင်ငံ၏ ရေထွက်သယံဇာတများကိုရောင်းချသည့် Seller Market ကို မိမိနိုင်ငံနယ်မြေအတွင်း၌ စနစ်တကျတည်ဆောက်နိုင်မည်ဖြစ်ပြီး နိုင်ငံ့အကျိုးစီးပွားကို ရရှိပိုင်ဆိုင်နိုင်မည် ဖြစ်ကြောင်း သုံးသပ်ရပါသည်။

(၉) မြန်မာ့ရေလုပ်ငန်း စနစ်တကျဖွံ့ဖြိုး တိုးတက်လာခြင်းဖြင့် ပြည်ပမှရင်းနှီးမြှုပ်နှံမှု(FDI)များ ဖိတ်ခေါ်နိုင်မည်ဖြစ်ရာ ရေထွက်ကုန်ပစ္စည်း တန်ဖိုးမြှင့်စက်ရုံလုပ်ငန်းအတွက်လိုအပ်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်မည်ဖြစ်ခြင်း၊ ရေထွက်ကုန်ပစ္စည်းတန်ဘိုးမြှင့်စက်ရုံများ တည်ဆောက်နိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးနိုင်မည်ဖြစ်ခြင်းနှင့် ထိုင်းနိုင်ငံသို့ရောက်ရှိနေသော မြန်မာရွှေ့ပြောင်းလုပ်သားများကို အမိနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်မည်ဖြစ်ပါသည်။

(၁၀) MFIJV ကုမ္ပဏီသည် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး၊ ငါးတင်/ငါးချဆိပ်ကမ်း အကောင်အထည်ဖော်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုချက်များရရှိပြီးဖြစ်ခြင်း၊ ဆိပ်ကမ်း၊ ဂိုဒေါင်များ၊ ရုံးခန်းများတည်ဆောက်ပြီးဖြစ်ခြင်းကြောင့် ထပ်မံရင်းနှီးမြှုပ်နှံရန် ဒေါ်လာသန်း(၂၀) ခွင့်ပြုချက်တောင်းခံခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အနေဖြင့် ထိရောက်စွာ အကူအညီပေးရန် လိုအပ်ပါကြောင်း သုံးသပ်အကြံပြုပါသည်။

(၁၁) တရားမဝင်ငါးဖမ်းဆီးခြင်းနှင့် တင်ပို့ခြင်းကို ကာကွယ်ရန်အတွက် ငါးဖမ်းစက်လှေများ VMS စနစ်တပ်ခြင်းကို အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အကြံပြုပါသည်။

(၁၂) ငါးလေလံဈေး၊ ငါးတင်/ငါးချဆိပ်ကမ်းကို ထပ်မံရင်းနှီးမြှုပ်နှံလိုသူ လုပ်ငန်းရှင်များရှိပါက ထိုလုပ်ငန်းရှင်များအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် စနစ်တကျဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် လုပ်ငန်းစတင်လည်ပတ်လျက်ရှိသော ဥပဒေနှင့်အညီ တည်ထောင်ထားသည့် ငါးလေလံဈေးအဟောင်းလုပ်ငန်း အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ ဒေသခံပြည်သူများနှင့် ဒေသဖွံ့ဖြိုးရေး အပါအဝင် တနင်္သာရီတိုင်းဒေသကြီး၏ လူမှုဘဝ ဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ နိုင်ငံတော်အတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ယုံကြည်စွာ ဝင်ရောက်နိုင်ရေးအတွက်လည်းကောင်း ထပ်မံရင်းနှီးငွေ အမေရိကန်ဒေါ်လာသန်း(၂၀)ခွင့်ပြုချက်ကို ဆောလျင်စွာရရှိရေး ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အကြံပြုပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ဆက်လက်ပြီး ဖတ်ကြားတင်သွင်းရန် ကျန်ရှိနေသေးသော ကယားပြည်နယ်အတွင်း ကွင်းဆင်းစိစစ်ချက်များ၊ သုံးသပ်အကြံပြုချက်များကို ကော်မတီ၏ကိုယ်စား ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ အဖွဲ့ဝင် ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း က ဆက်လက်ဖတ်ကြား တင်သွင်းသွားမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ငါးလေလံဈေး၊ ငါးတင်/ငါးချ ဆိပ်ကမ်းအား ကွင်းဆင်းစိစစ်ခြင်း မြင်ကွင်းပုံ (၁၁)



ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာများနှင့် တွေ့ဆုံခြင်း မြင်ကွင်းပုံ (၁၁-၁)



ကယားပြည်နယ်၊ လွိုင်ကော်မြို့ အကျဉ်းထောင်အား ကွင်းဆင်းစိစစ်ခြင်း မြင်ကွင်းပုံ (ခခ-၂)



**အချိန်၊ ၁၂း၄၀။**

**ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း (အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း ပဲ ဖြစ်ပါတယ်။ ကော်မတီရဲ့ အစီရင်ခံစာ ဒုတိယပိုင်းကို ဆက်လက်ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁၈။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေး ကော်မတီအနေဖြင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ သတ္တမ ပုံမှန်အစည်းအဝေးအတွင်း ကတိဖြစ်ပေါ်ခဲ့သော မေးခွန်းများနှင့် စပ်လျဉ်း၍ ၆-၇-၂၀၁၈ ရက်နေ့မှ ၁၁-၇-၂၀၁၈ ရက်နေ့အထိ ကယားပြည်နယ်အတွင်းသို့ အောက်ဖော်ပြပါ ကော်မတီဝင်များဖြင့် ကွင်းဆင်းစိစစ် လေ့လာခဲ့ပါတယ်။

| | | | |
|---|---|---|---|
| (က) | ဦးသိမ်းဆွေ | ဧရာဝတီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၀) | ဥက္ကဋ္ဌ<br>အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးဖြေရယ်(ခ)<br>ဦးမြင့်သန်းထွန်း | ကယားပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁) | အဖွဲ့ဝင် |
| (ဂ) | ဦးစောချစ်ဦး | ကရင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ခင်ဆွေလွင် | ချင်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၉) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (င) | ဦးဝင်းအောင် | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | အဖွဲ့ဝင် |
| (စ) | ဒေါက်တာမိုးမြင့်အောင် | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | အဖွဲ့ဝင် |
| (ဆ) | ဦးလှမြင့်(ခ) ဦးလှမြင့်သန်း | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | အဖွဲ့ဝင် |
| (ဇ) | ဒေါ်လွီးဇာ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | မေးခွန်းရှင် |

၁၉။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ၆-၇-၂၀၁၈ ရက်နေ့မှ ၁၁ -၇-၂၀၁၈ ရက်နေ့အထိလုပ်ငန်းစီမံချက်ရေးဆွဲပြီး အောက်ဖော်ပြပါခရီးစဥ်များကို သွားရောက်စိစစ်ခဲ့ပါတယ်။ ကော်မတီဝင်များအားအစီရင်ခံစာ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အချိန်ကိုငဲ့ကွက်သည့် အနေဖြင့် ကော်မတီ၏ သုံးသပ်အကြံပြုချက်များကိုသာ ဆက်လက်ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၂၀။ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း ၏ မေးခွန်းနှင့် ပတ်သက်၍ သုံးသပ်အကြံပြုချက်များမှာ -

(၂) **သုံးသပ်အကြံပြုချက်**

(ကက) ရဲစခန်းတွင် အုတ်တံတိုင်းများ ကျန်ရှိနေခြင်း၊ သက်သေခံပစ္စည်းများထားရှိရာ အခန်းလုံလောက်မှုမရှိခြင်း၊ မှန်များဖြင့်သာ ကာရံထားပြီး၊ သံတိုင်များဖြင့် ကာရံရန်လိုအပ်ကြောင်း ညှိနှိုင်းအကြံပြုခဲ့ရာ အခုအခါ ဆောင်ရွက်ပြီးပြီဖြစ်ကြောင်း မှတ်တမ်း ဓာတ်ပုံများဖြင့်တကွ ပြန်လည်တင်ပြလာပါတယ်။

(ခခ) ရဲစခန်းသည် တည်ဆောက်ရာတွင် ဒေသခံ ခရိုင်၊ မြို့နယ်၊ မြို့မရဲစခန်းများနှင့် ညှိနှိုင်း၍ အချုပ်ခန်းပါစခန်းများ၏ ဒီဇိုင်းအား ရေးဆွဲသင့်ပါကြောင်း၊ အကျဥ်းစခန်း၊ ထောင်များတည်ဆောက်ရာတွင် အကျဥ်းသားများအိပ်ရန် သစ်သားကြမ်းခင်းထည့်သွင်းပေးခြင်း၊ အိမ်သာရေသန့်အားယခုထက်ပိုမို၍ ထည့်သွင်း ဆောက်လုပ်သင့်ပါကြောင်း သုံးသပ်အကြံပြုအပ်ပါတယ်။

နောက်ပြီးတော့ ဒုတိယမေးခွန်းဖြစ်တဲ့ ခဲနှင့် သစ်တောထွက် သယံဇာတထုတ်လုပ်မှုအပိုင်းမှာ သုံးသပ်အကြံပြုချက် -

(၂) **သုံးသပ်အကြံပြုချက်**

(ကက) သတ္တုကုမ္ပဏီများသည် CSR လုပ်ငန်းများ ဆောင်ရွက်ရာတွင် မော်ချီးဒေသလူထု၏ လူမှုစီးပွားဘဝ ထိခိုက်မှုမျိုးကို လှူဒါန်းခြင်းမျိုးမဟုတ်ဘဲ

အခြားဒေသများတွင် ဘာသာရေးဆိုင်ရာ လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါတယ်။ နောင်တွင် ခဲထုတ်လုပ်မှုအတွက် ဆုံးရှုံးနစ်နာရသော မော်ချီးဒေသတွင်နေထိုင်သည့် ပြည်သူများ၏ လူမှုစီးပွားဘဝအတွက် အကျိုးဖြစ်ထွန်းစေရန် လှူဒါန်းမှုမျိုးသာ ဆောင်ရွက်သင့်ပါကြောင်း သုံးသပ် အကြံပြုအပ်ပါတယ်။

(ခခ) သတ္တုလိုင်စင်များရပ်နားခြင်း၊ သက်တမ်းတိုးခြင်း၊ သတ္တုတွင်းပိတ်သိမ်းခြင်း စီမံချက်များ၊ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်သင့်ကြောင်းနှင့် CSR လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ္တုထုတ်လုပ်မှု နည်းစနစ်များ ကြပ်ကြပ်မတ်မတ် ထိန်းညှိခြင်းများ ပြုလုပ်သင့်ကြောင်း သုံးသပ် အကြံပြုအပ်ပါတယ်။

(ဂဂ) CSR လုပ်ငန်းများအတွက် လှူဒါန်းမှုများသည် ထုတ်လုပ်ရာဒေသတွင် မဟုတ်ဘဲ အခြားဒေသများတွင် လှူဒါန်းမှုများကို ဖော်ပြထားသဖြင့် အလားတူ အခြားသတ္တုထွက်ရှိရာ ဒေသများတွင် ထပ်မံဖော်ပြမှုများ လုပ်ပါက ဖော်ပြမှု(၂)ခါ ဖြစ်နေနိုင်၍ မဖြစ်စေရန် သက်ဆိုင်ရာ ကုမ္ပဏီနှင့်ကန်ထရိုက်ရရှိရာဒေသများကို ပြန်လည်စစ်ဆေးသင့်ကြောင်း သုံးသပ် အကြံပြုအပ်ပါတယ်။

၂၁။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှေးရယ်ရှုမောင် ၏ မေးခွန်းနှင့် စပ်လျဉ်း၍ သုံးသပ်အကြံပြုချက်မှာ စာမျက်နှာ(၂၉)၊ သုံးသပ် အကြံပြုချက် -

**(၂) သုံးသပ်အကြံပြုချက်**

(ကက) နည်းပညာတက္ကသိုလ်(လွိုင်ကော်)၏ ပင်မကျောင်းဆောင်သည် ယခင် ဆောက်လုပ်ခဲ့စဉ်က ဖို့မြေဧရိယာတွင် တည်ဆောက်ခြင်း၊ Structure Design မှားယွင်းခြင်းတို့ကြောင့် ယခုလက်ရှိအချိန်တွင် အကြီးစား ပြင်ဆင်မှု ဆောင်ရွက်ရန် အမှန်တကယ်လိုအပ်ကြောင်း သုံးသပ် အကြံပြု အပ်ပါတယ်။

(ခခ) မြန်မာတစ်နိုင်ငံလုံးရှိ နည်းပညာတက္ကသိုလ်များ၏ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များအား အိပ်ခန်းဖွဲ့စည်းပုံမှာ (၁၀ x ၁၂) ပေအခန်းတွင် (၂)ဦး နေထိုင်စေသော အဆောက်အအုံပုံစံ Structure Design များဖြင့် ဆောက်လုပ်ပါက ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် နေထိုင် နိုင်သည့် အကျယ်အဝန်းရှိသော နှုန်းစံများကို တစ်သမတ်တည်း သတ်မှတ်၍ ကြိုတင်စဉ်းစားကာ နောင်တွင် ဒီဇိုင်းရေးဆွဲခြင်း၊ ဘတ်ဂျက် တောင်းခံခြင်းများတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ပါရန် သုံးသပ်အကြံပြုပါသည်။

၂၂။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ ၏ မေးခွန်းနှင့် ပတ်သက်၍ သုံးသပ်အကြံပြုချက်များမှာ -

( ၂ ) **သုံးသပ်အကြံပြုချက်**

(ကက) စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးခြင်းအတွက် ပုံစံ(၇) အမြန်ရရှိရန် အလေးထား ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အကြံပြုပါသည်။

(ခခ) လွိုင်ကော်ခရိုင်တွင် ဒီးမော့ဆို၊ ဖရူဆို၊ ရှားတောမြို့များသည် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများ မရှိခြင်းကြောင့် လွိုင်ကော်မြို့တွင်သာ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ယူရသည့်အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုး ရေးဘဏ်ခွဲများ ဖွင့်လှစ်ပေးသင့်ပါကြောင်း သုံးသပ်အကြံပြုပါသည်။

(ဂဂ) ဒီးမော့ဆိုမြို့နယ်တွင် ယာမြေဧရိယာ (၂၄၃၅၃)ဧကရှိသော်လည်း ၂၀၁၈ ခုနှစ်၊ မိုးရာသီချေးငွေရရှိမှုမှာ (၃၂၇)ဧကသာ ထုတ်ချေးပေးခြင်းမှာ ရာခိုင်နှုန်းအားဖြင့် နည်းပါးလွန်းကြောင်း၊ ယာစိုက်တောင်သူများ ချေးငွေ ရရှိမည့်အခွင့်အရေးကို ဌာနမှ အသိပေးအကြောင်းကြားမှု အားနည်းခြင်း ကြောင့်မသိရှိရကြောင်း၊ မြို့နယ်အသီးသီးတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်များ ဖွင့်လှစ်ပေးရန် လိုအပ်ပါကြောင်း သုံးသပ်အကြံပြုပါသည်။

၂၃။ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်း မေးမြန်းခဲ့သည့် မေးခွန်းနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုချက်များမှာ -

( ၂ ) **သုံးသပ်အကြံပြုချက်**

(ကက) ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့ရှိ ငွေတောင်ဆည်ကြီးတိမ်ကောလာခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် နမ့်စဖူးချောင်းဝရှိ တံတားဖြူ အောက်အနီးနား ပေ(၆၀၀)ခန့်အတွင်းရှိ နုန်းမြေများ စနစ်တကျ တူးဖော်ဖယ်ရှားရန်၊ ဆည်ကြီးအတွင်းရှိ မို့မောက်နေသော နုန်းမြေ များကို နှစ်အလိုက် ဘတ်ဂျက်များ လျာထားပြီး တူးဖော်ဖယ်ရှားရန်နှင့် ဆည်ကြီးရှိရေများ ညစ်ညမ်းမှုမရှိစေရန် စီမံဆောင်ရွက်သွားရန်လိုကြောင်း သုံးသပ်အကြံပြုပါသည်။

(ခခ) ဆည်တမံများ နုန်းတင်သောမြေများတွင် လယ်ယာစိုက်ပျိုးခြင်း၊ လူနေထိုင်ခြင်းများကို ကာကွယ်နိုင်ရန်အတွက် ဧရိယာသတ်မှတ် တိုင် များစိုက်ထူခြင်း နယ်နိမိတ်အသိပေးကြေညာခြင်းများ ပြုလုပ်သင့် ကြောင်း သုံးသပ်အကြံပြုပါတယ်။

၂၄။ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး မေးမြန်းခဲ့သည့် မေးခွန်းနှင့် ပတ်သက်၍ သုံးသပ်အကြံပြုချက်များမှာ -

(ကက) ကယားပြည်နယ်၊ ရှားတောမြို့၊ ဘောလုံးကွင်း အဆင့်မြင့် တည်ဆောက်ခြင်းနှင့် မြက်စိုက်ခြင်းလုပ်ငန်းများအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း သုံးသပ်အကြံပြုပါသည်။

(ခခ) ဘောလုံးကွင်းတွင် ရေစင်(၁)လုံးနှင့် Ground Tank ပါ ရေစက်အပြင် Water Supply ဆိုင်ရာ လုပ်ငန်းများပါ ထည့်သွင်း ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အကြံပြုပါသည်။

၂၅။　ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လွီးဇာ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် ပတ်သက်၍ သုံးသပ်အကြံပြုချက်များမှာ -

(၂) **သုံးသပ်အကြံပြုချက်**

( - ) ဒေသခံကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုသို့မဟုတ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကတိကဝတ်ဖြစ်ခဲ့လျှင် မြေပြင်၌ ခေါင်းစဉ်ပြောင်း၊ လုပ်ငန်းပြောင်း ဆောင်ရွက်ခြင်း၊ ဖြတ်ချခြင်းများ မပြုလုပ်ရန် သုံးသပ်အကြံပြုအပ်ပါတယ်။

၂၆။　ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း မေးမြန်းခဲ့သည့် မေးခွန်းနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုချက်မှာ -

(၂) **သုံးသပ်အကြံပြုချက်**

( - ) ဘော်လခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ်အား ဆက်သွယ်ဖောက်လုပ်သောမိုင်းထမ်း-ဝမ်အောင်လမ်းကို နှစ်စဉ် ရန်ပုံငွေလျာထား ဆောင်ရွက်ပေးရန် သုံးသပ်အကြံပြုပါသည်။

ဒုတိယမေးခွန်းဖြစ်သည့် သစ်တောဌာနတွင် လစ်လပ်ရှိသော ဝန်ထမ်းခန့်ထားရန် အတွက် သုံးသပ်အကြံပြုချက်မှာ

(၂) **သုံးသပ်အကြံပြုချက်**

( - ) ကယားပြည်နယ်၊ ဘော်လခဲမြို့နယ်၊ သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဝန်ထမ်းနေရာများ၌ ဒေသခံဘော်လခဲတွင် နေထိုင်ကြသည့် လူငယ်များကိုလည်း သတ်မှတ်ချက်များနှင့် ညီညွတ်ပါက အခြားမြို့နယ်အသီးသီးတွင် ခန့်ထားသကဲ့သို့ ခန့်ထားပေးသင့်ပါကြောင်း သုံးသပ်အကြံပြုပါသည်။

၂၇။　ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း မေးမြန်းခဲ့သည့် မေးခွန်းနှင့်စပ်လျဉ်း၍ -

(၁) ကယားပြည်နယ်၊ လွိုင်ကော်မြို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိသော မြန်မာနိုင်ငံတစ်ဝှမ်းလုံး လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ကယားပြည်နယ် လူမှုစီးပွားဘဝ မြင့်မားစေရန်

အတွက်အသက်သွေးကြောဖြစ်သော ဘီးလူးချောင်း တိမ်ကောနေမှုအား နိုင်ငံတော်မှထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ နိုင်ငံတော်၏ သီးသန့်ရန်ပုံငွေကျပ်သန်း(၂၀၀၀)ဖြင့် သဲနုန်းဖယ်ရှားခြင်း၊ မြေထိန်းနံရံ တည်ဆောက်ခြင်း၊ ကျွန်းများဖယ်ရှားခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၂၈။ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသာစိန်၏ မေးခွန်းနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုချက်မှာ -

( ၂ ) **သုံးသပ်အကြံပြုချက်**

(ကက) တိုးပွားလာသော လူဦးရေအတွက် City Plan Town Plan များ ရေးဆွဲပြီး ဖြစ်၍ မည်သည့်အပိုင်းများလုပ်ငန်းများ ဆောင်ရွက်မည်ကို ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်သင့်ပါကြောင်းသုံးသပ်အကြံပြုပါသည်။

(ခခ) ၂၀၁၆ ခုနှစ်၊ မေလတွင် ဖားဆောင်းမြို့၊ မြို့ပြဖွံ့ဖြိုးရေး(Concept Plan) စီမံကိန်းအား ရေးဆွဲဆောင်ရွက်ပြီးဖြစ်သည့်အတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း၊ ၎င်းအပြင် ဖားဆောင်းမြို့၊ မြောက်ပိုင်းရပ်ကွက်၊ မြို့နယ်လမ်းဦးစီးဌာန၏ နောက်ကျောဘက်ရှိ မြို့ဧရိယာအတွင်းကျရောက်သော မြေ(၁.၈၀)ဧကနှင့် မြို့ပတ်လမ်းဘေးကပ်လျက်ရှိသော မြေလွတ်မြေရိုင်းဧရိယာ (၁၅.၀၀)ဧကအား မြို့ကွက်များ စနစ်တကျဖော်ထုတ်၍ ဒေသခံဝန်ထမ်းများနှင့် အိမ်မဲ့/ယာမဲ့ မိသားစုများအား စနစ်တကျ စီမံချက်ဖြင့် ချထားပေးသင့်ပါကြောင်း သုံးသပ်အကြံပြုပါတယ်။

၂၉။ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)ရှိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ မေးမြန်းခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက်-

( ၂ ) **သုံးသပ်အကြံပြုချက်**

(ကက) မယ်စဲ့မြို့နယ်၊ နယ်စပ်ကုန်သွယ်ရေးစခန်းသည် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးရန်အတွက် (၆)ညအိပ် (၇)ရက်ခရီး ခွင့်ပြုသင့်ပါကြောင်း၊ ထိုင်းနိုင်ငံအတွင်း ကျန်သော မြန်မာနှင့်နယ်စပ်လမ်း 9 Km လမ်းခင်းရန် ထိုင်းအစိုးရအား ညှိနှိုင်း၍ အကြံပြုသင့်ပါကြောင်း၊ ဒေသတွင်းထွက်ရှိသော စိုက်ပျိုးသီးနှံများ၊ ပစ္စည်းများ ဝယ်ယူရောင်းချနိုင်ရန် ကုန်သည်ချင်းသော်လည်းကောင်း၊ အစိုးရချင်းသော်လည်းကောင်း စာချုပ်ချုပ်ဆိုပြီး ဈေးကွက်ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ သကြား တင်သွင်းခွင့်ပြု/မပြုနှင့် အိမ်မွေးတိရစ္ဆာန်များ ရောင်းဝယ်ခွင့် စသည်တို့နှင့် တစ်ဖက်နိုင်ငံမှ အရင်းအနှီးနှင့် အတတ်ပညာများ ဖိတ်ခေါ်၍ ဒေသတွင်းရှိ

မြေလွတ် မြေရိုင်းများတွင် စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အကြံပြုပါတယ်။

(ခခ) မယ်စဲ့မြို့နယ်တွင် မြန်မာ-ထိုင်းတရားဝင် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ရန်အတွက် ယခုအခါ ပြည်ထောင်စုအဆင့်အနေဖြင့် နှစ်နိုင်ငံ သဘောတူညီမှုရရှိနိုင်ရန် အရေးတကြီး လိုအပ်လျက်ရှိပါသည်။ Check Point ထားရှိမည့်နေရာ ရွေးချယ်ခြင်းနှင့်အခြားသောကိစ္စရပ်များ ဆောင်ရွက်မှုအဆင့်တို့မှာ မြန်မာ-ထိုင်း နှစ်နိုင်ငံသဘောတူညီမှု MOU လက်မှတ်များထိုးရန် လိုအပ်ပါကြောင်း သုံးသပ်အကြံပြုပါတယ်။

(ဂဂ) နယ်စပ်ကုန်သွယ်ရေး ဖွင့်လှစ်နိုင်ခြင်းသည် တိုင်းပြည်စီးပွားရေးနှင့် ဒေသခံ ပြည်နယ်၏ဖွံ့ဖြိုးရေးအတွက် အရေးကြီးပါကြောင်း၊ ဂိတ်များ မဖွင့်လှစ်မီ ပို့ကုန်များအတွက် ပြင်ဆင်ခြင်း၊ ခရီးသွားဧည့်သည်များ အတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်မှုများ အလျင်အမြန် ပြုလုပ် သင့်ပါကြောင်း သုံးသပ်အကြံပြုပါတယ်။

(ဃဃ) ကယားပြည်နယ်ရှိ BP(13) ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေး စခန်း ဖွင့်လှစ်နိုင်ပါက ကယားပြည်နယ်အတွင်း နေထိုင်ခဲ့ကြသော လူမျိုးစုများ ဖြစ်သည့် ပဒေါင်(ကယန်း)လူမျိုးများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း စရိုက်ကို ပြသ၍ ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နေမှု ကိုလည်း တားဆီးနိုင်မည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံသို့ တရားဝင် သို့မဟုတ် တရားမဝင် ရောက်ရှိနေကြသော ပြည်နယ်အတွင်းရှိ နေရပ် စွန့်ခွာ ရောက်ရှိသူများလည်း မိမိဌာနေသို့ ပြန်လည်ရောက်ရှိလာနိုင် ပါကြောင်း၊ ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမို တိုးမြှင့်လာနိုင်ပါကြောင်း၊ မယ်ဟောင်ဆောင်ဒေသတွင် နှစ်စဉ် ကမ္ဘာ လှည့်ခရီးသွားဧည့်သည်များ (၇)သိန်းခန့် လာရောက်လည်ပတ်သဖြင့် တရားဝင် ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပါက ပြည်နယ်အတွင်း ခရီးသွား လုပ်ငန်းများလည်း အမှန်တကယ် ဖွံ့ဖြိုးလာနိုင်မည်ဖြစ်ပါကြောင်း သုံးသပ် အကြံပြုအပ်ပါတယ်။

၃၀။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ကွင်းဆင်းစိစစ်ခဲ့သည်တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည် -

(က) ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်ရန်ပုံငွေများ ခွဲဝေ သုံးစွဲရာတွင် လွှတ်တော်၌ ကတိကဝတ်ပြုထားခဲ့သည့် လုပ်ငန်းများကို ဦးစားပေး ထည့်သွင်းလျာထားရန် လိုအပ်ပါကြောင်း သုံးသပ်အကြံပြုအပ်ပါတယ်။

( ခ ) နိုင်ငံတော်မှ သတ်မှတ်ထားသည့် တင်ဒါ စည်းမျဉ်း၊ စည်းကမ်းများ၊ ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်မှုအားနည်းခြင်း၊ သတ်မှတ်ထားသော တင်ဒါ

စည်းမျဉ်း၊ စည်းကမ်း၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ပါက ပြည်သူလူထု ဘဏ္ဍာငွေ အလေအလွင့်နည်းပါးမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ အနေဖြင့် တင်ဒါ ဝင်ရောက်မယှဉ်ပြိုင်မီကပင် နယ်မြေဒေသအခြေအနေအား ကြိုတင်ကွင်းဆင်း စိစစ်သင့်ပါကြောင်း သုံးသပ်အကြံပြုအပ်ပါတယ်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တင်ဒါအောင်မြင်သော ကုမ္ပဏီများသည် ဒေသ အလိုက်တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍ နယ်မြေ (လုပ်ငန်းဆောင်ရွက်မည့်ဒေသ) အခြေအနေများအား ကြိုတင်သိရှိရန် ကွင်းဆင်း စိစစ်မှုများ ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းလည်ပတ်မှု ကြန့်ကြာ ခြင်း၊ အချိန်မီမပြီးစီးခြင်း၊ ရန်ပုံငွေ အလေအလွင့်ဖြစ်ခြင်းတို့ကို ကာကွယ်နိုင်ရန် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်များ ယခုထက် ချိတ်ဆက်ဆောင်ရွက်မှု ပိုမို အားကောင်းအောင် ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အကြံပြုအပ်ပါတယ်။

(ဃ) ပြည်ထောင်စုတိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေများဖြင့် ဆောင်ရွက်သော လုပ်ငန်းများ တည်ဆောက်ရာတွင် ဒီဇိုင်း၊ အရည်အသွေး၊ စံချိန်စံညွှန်း၊ ရန်ပုံငွေ စိစစ်မှုတို့ အားနည်းနေသေးကြောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဆောင်ရွက် သည့်စီမံကိန်းများတွင် ပြည်နယ် Quality Control(QC) အဖွဲ့၏ စစ်ဆေးမှု ခံယူခြင်းအား ထည့်သွင်းဆောင်ရွက်သင့်ပါကြောင်း၊ အဆောက်အဦ၊ ဒီဇိုင်း၊ အရည်အသွေး၊ စံချိန်စံညွှန်း သတ်မှတ်ချက်များထားရှိသင့်ပါကြောင်း သုံးသပ် အကြံပြုအပ်ပါတယ်။

(င) PAE နှုန်းထားများ တသတ်မတ်တည်း ထားရှိမှုမျိုးမဟုတ်ဘဲ လမ်းပန်းဆက်သွယ် ရေးခက်ခဲသောနေရာများတွင် PAE နှုန်းထားများအား ၎င်းတို့၏ဒေသန္တရပေါက်ဈေး၊ ခရီးအကွာအဝေး၊ အမှန်ကုန်ကျမှုတို့ပေါ် မူတည်၍ တွက်ချက်သင့်ပါကြောင်း၊ ထိုသို့ တွက်ချက်မှသာ လမ်း၊ တံတား၊ အဆောက်အဦ စသည့် တည်ဆောက်ရေး လုပ်ငန်းများသည် စံချိန်စံညွှန်း အရည်အသွေးများ ပြည့်မီမည်ဖြစ်ပါကြောင်း သုံးသပ်အကြံပြုအပ်ပါတယ်။

(စ) အားကစားကွင်းများ တည်ဆောက်ရာတွင် လုံလောက်သော နေရာအကျယ်အဝန်း ဒီဇိုင်းများကို ဦးစွာရွေးချယ်စိစစ်အတည်ပြုပြီး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်တို့မှ အနီးကပ် ကြပ်မတ်ကွပ်ကဲသွားရန် လိုအပ်ပါကြောင်း သုံးသပ်အကြံပြုအပ်ပါတယ်။

**နိဂုံး**

၃၁။ ကော်မတီသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ကတိဖြစ်ပေါ် ခဲ့ပြီး၊ဆောင်ရွက်ပြီး၊ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ ၈-၅-၂၀၁၈ ရက်နေ့မှ ၁၇-၅-၂၀၁၈ ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီးသို့လည်းကောင်း၊ ၆-၇-၂၀၁၈ ရက်နေ့မှ ၁၁-၇-၂၀၁၈ ရက်နေ့အထိ ကယားပြည်နယ်သို့လည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ လွှတ်တော်

ကိုယ်စားလှယ်များ၏ မေးမြန်းအဆိုပြုချက်များသည် ယင်းတို့၏ မဲဆန္ဒနယ်မြေမှ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ ရောက်သည့်အပြင် ကော်မတီမှလည်း လုပ်ငန်းများဆောင်ရွက်မှုများကို စိစစ်ကြပ်မတ် ညှိနှိုင်းပေါင်းစပ်ပေးသည့်အတွက် လုပ်ငန်းများ ပိုမို ပြီးမြောက်အောင်မြင်လာသည်ကို တွေ့ရှိရပါသည်။ အဆိုပါခရီးစဉ်များသည် ကော်မတီဝင်များ၏ သုံးသပ်အကြံပြုချက်များ၊ ဒေသခံပြည်သူများ၏ တင်ပြချက်များ၊ ဝန်ကြီးဌာနများ၏ လုပ်ငန်း ဆောင်ရွက်မှုအားနည်းချက်၊ အားသာချက်များကို တွေ့ရှိရသည့်အတွက် များစွာအကျိုးရှိသော ခရီးစဉ်ဖြစ်သဖြင့် အခါအားလျော်စွာ ကွင်းဆင်း စိစစ်လေ့လာမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၇၂။ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးအတွင်း ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်ဆေးခဲ့ရာ (၈)ကြိမ်မြောက်ရှိခဲ့ပြီး ဖြစ်ပါတယ်။ နောက်နောင်များတွင်လည်း ကိုယ်စားလှယ်များတင်သွင်းမေးမြန်းသည့် အဆိုများ၊ မေးခွန်းများနှင့်စပ်လျဉ်း၍ ကွင်းဆင်း စစ်ဆေးသင့်သည့်ကိစ္စရပ်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၏ လမ်းညွှန်မှုကိုခံယူ၍ ဆက်လက်ကွင်းဆင်းစိစစ်သွားမည်ဖြစ်ပြီး ကွင်းဆင်းစိစစ်ရာတွင်လည်း အဆိုနှင့်မေးခွန်းရှင် ကိုယ်စားလှယ်များမှလည်း ယခုထက်ပိုမို၍ ကော်မတီနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကော်မတီမှလည်းကတိ ဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို စိစစ်ရာတွင် ငြင်းပယ်မှုမရှိစေရေးအတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးပို့လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်<br>အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်<br>တာဝန်ခံချက်များစိစစ်ရေးကော်မတီ

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ (၁၆း၀၀) နာရီ နောက်ဆုံးထားပြီး အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၂း၅၇ နာရီအချိန်တွင် ရပ်နားပါသည်။]